ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊ (10-6-2012) (၇၁၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် အန်တိုနီယို ကာဗာကို ဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီဒရို မန်နျူရယ် ပက်ဆော့စ် ကိုရယ်လ်ဟို မိုမန်ဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အရှည်ပေ ၉၀၀ ရှိ ရွှေချောင်းတံတားအမှတ်(၁) နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ငါးလအတွင်း တည်ဆောက်ပြီးစီး ပြည်သူအများ၊ နိုင်ငံတော်နှင့်အတူ မပြီးပြတ်သေးသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့်လုပ်ရပ်မျိုးကို ရှောင်ကြဉ်၊ အခြေအနေကောင်းများ ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဇွန် ၉

ပခုက္ကူမြို့နှင့် ပုသိမ်-မုံရွာလမ်းသို့ ဆက်စပ်သွားလာနိုင်သော အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အထိလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အထိလည်းကောင်း အလျင်အမြန်ဆက်သွယ်သွားလာနိုင်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ နှင့် အထက် ၁၅ စင်းမြောက်ဖြစ်သော မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတား အမှတ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရွှေချောင်းတံတား တည်ဆောက်ရသည့်အကြောင်းရင်းကို ပြန်ကြည့်လျှင် ယမန်နှစ် အောက်တိုဘာလအတွင်း အိုတူးဘီ မုန်တိုင်းမိုးကြောင့် ထူးကဲတောင်ကျရေတိုက်စားမှုနှင့် ရွှေချောင်းတံတားဟောင်း ကျိုးကျပျက်စီးခဲ့ရသဖြင့် ယခင်တံတားဟောင်းအနီးတွင် ယခုတံတားအသစ်ကို ပြန်လည်တည်ဆောက်ခြင်းပင် ဖြစ်ပါကြောင်း။

၂၀၁၁ အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်၌ သဲသဲမဲမဲ ရွာသွန်းသောမိုးကြောင့် ချောင်းများ ရေကြီးရေလျှံ တိုက်စားမှုများနှင့် ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ဆိပ်ဖြူ အစရှိသည့် မြို့နယ်တို့၏ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများတွင် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပါကြောင်း။

ရေဘေးဒဏ်ကြောင့် ရပ်ကွက်၊ ကျေးရွာများတွင်ရှိသည့် လူ၊ တိရစ္ဆာန်၊ သီးနှံစိုက်ခင်း၊ စာသင်ကျောင်း၊ လူနေအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံစသည်တို့ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် တံတား၊ ကားလမ်း၊ ရထားလမ်း၊ ဆည်မြောင်းတာတမံ၊ လျှပ်စစ်ဓာတ်အားလိုင်း၊ တယ်လီဖုန်းလိုင်းတို့ပါ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေချောင်းတံတားအမှတ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့)။

ရောင်ပြန်ဟပ်သည့် ကြေးမုံပြင်

ကြေးမုံ သို့မဟုတ် ကြည့်မှန်။။ အလှပြင်သူတိုင်းလည်း ကြေးမုံမှန်ကြည့်ရ၏။ မှန်ကြည့်ပြီးမှ ဖြီးလိမ်းပြင်ဆင်ထားမှု၊ ခြယ်သထားမှု၊ ဆင်ယင်ထားမှုတို့ အချိုးကျ မကျ၊ ကောင်း မကောင်း၊ လှ မလှ သိရ၏။ ထို့ကြောင့် မိမိပုံအသွင် အချိုးကျ မကျကြည့်ရာ၌ မှန်သည် မရှိမဖြစ်လိုအပ်၏။ ကြည်လင်နေသောမှန်၏ပုံရိပ်ကြောင့် ကောင်း မကောင်း၊ လှ မလှ ဟူသည်တို့ ပေါ်လာရ၏။

လူသားတို့တွင် ဆင်ခြင်တုံတရားသည် အရေးကြီး၏။ ဆင်ခြင်တုံတရားဟူသည် ကြေးမုံမှန်သားပြင်ကဲ့သို့ ဖြစ်၏။ ပြောဆို၊ လုပ်ကိုင်၊ တွေးခေါ်မှုတို့သည် ကြေးမုံပြင်ကဲ့သို့ ရောင်ပြန်ဟပ်၏။ ဆင်ခြင်တုံတရားဆိုသည်ကို မှန်သားပြင်ပေါ်တင်လိုက်လျှင် ကောင်း မကောင်း၊ လှ မလှ ပေါ်လာမည်၊ သိလာမည်ဖြစ်၏။ ထိုအခါကျမှ မိမိဟန်ပန်၏အကောင်းအဆိုးကို မြင်နိုင်၏။

မဇ္ဈိမပဏ္ဏာသရာဟုလောဝါဒသုတ်တွင် ဘုရားရှင်က“ ရာဟုလာ. . . မှန်ဆိုတာ ဘာအကျိုးရှိသလဲ”ဟု အရှင်ရာဟုလာကိုမေး၏။ အရှင်ရာဟုလာက“ဆင်ခြင်ရတဲ့ အကျိုးရှိပါတယ်ဘုရား”ဟု ပြန်လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက “ရာဟုလာ. . . မှန်ကြည့်သလိုပဲ အလုပ်ကိုဆင်ခြင်ပြီးမှ လုပ်ရမယ်၊ အပြောကို ဆင်ခြင်ပြီးမှပြောရမယ်၊ အတွေးကို ဆင်ခြင်ပြီးမှ တွေးရမယ်” ဟု မိန့်တော်မူ၏။

တစ်ခုခုလုပ်မည်ဆိုလျှင် မလုပ်ခင်ကကြိုတင်ဆင်ခြင်ရ၏။ လုပ်နေပြီဆိုလျှင် လုပ်နေဆဲအခိုက်အတန့်၌ ဆင်ခြင်ရ၏။ လုပ်ပြီးသွားသည့်အခါတွင်လည်း လုပ်ပြီးသည်ကို ဆင်ခြင်ကြည့်ရ၏။ တစ်ခုခုပြောမည်ဆိုလျှင် မပြောခင်ကကြိုတင်ဆင်ခြင်ရ၏။ ပြောနေပြီဆိုလျှင် ပြောနေဆဲအခိုက်၌ ဆင်ခြင်ရ၏။ ပြောပြီးပြီဆိုလျှင်လည်း ပြောပြီးသည်ကို ပြန်လည်ဆင်ခြင်ကြရ၏။ စိတ်က တစ်ခုခုတွေးမည်၊ ကြံမည်ဆိုလျှင် မတွေးမကြံခင်က ကြိုတင်ဆင်ခြင်ရ၏။ တွေးကြံနေဆဲအခိုက်၌ ဆင်ခြင်ရ၏။ တွေးကြံပြီးသည့်အခါ၌လည်း ဆင်ခြင်ကြည့်ရ၏။ ထိုသို့ဆင်ခြင်ရာတွင် မိမိ သူတစ်ပါး နှစ်ဦးသား ဘယ်သူ့ကိုထိခိုက်နိုင်သလဲ၊ တစ်ဦးဦးကို ထိခိုက်မည်ဆိုလျှင် မလုပ်ဘဲ၊ မပြောဘဲ၊ မတွေးမကြံဘဲ ဆင်ခြင်ရ၏။

ဤသို့ ကိုယ် နှုတ် နှလုံးသုံးပါးကောင်းရန် မပြုမီ၊ ပြုဆဲ၊ ပြုပြီးကာလ သုံးပါးစလုံး ဆင်ခြင်နိုင်ရမည်ဖြစ်သည်။ ဆင်ခြင်မှု၊ ဆင်ခြင်တုံတရားမှန်ပေါ် အရင်တင်ကြည့်ရမည်။ ဆင်ခြင်တုံတရားမှန်ပေါ်တွင် မကောင်းဟုပေါ်လာလျှင် မလုပ်၊ မပြော၊ မတွေးဘဲ ဆင်ခြင်ရမည်၊ ဆင်ခြင်နိုင်ရမည်ဖြစ်သည်။

မိမိ ကိုယ် နှုတ် နှလုံးသုံးပါးကို သတိနှင့်စောင့်၊ ဉာဏ်နှင့်ကြည့်၊ ဝီရိယစိုက် ပြုပြင်သွားမည်ဆိုလျှင် ကံသုံးပါးစလုံး သန့်ရှင်းစင်ကြယ်သွားမည်ဖြစ်သည်။ လူတိုင်း ကံကောင်းချင်ကြ၏။ ကံကောင်းချင်သူတိုင်းသည် ကံသုံးပါးစလုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုပြင်သွားကြရမည်။ ကံကောင်းသည်ဆိုမှာ မိမိလုပ်သော ကာယကံ ကောင်းမှ၊ မိမိပြောသော ဝစီကံကောင်းမှ၊ မိမိတွေးသော မနောကံ ကောင်းမှ ကံကောင်းပါလိမ့်မည်။ မိမိကံသုံးပါး ဘယ်လောက်ကောင်းသနည်း၊ မိမိကံသုံးပါးကောင်းသလောက် မိမိကောင်းပါလိမ့်မည်။

လူတိုင်း အပြစ်မကင်းကြပေ၊ ကိုယ့်အပြစ်နှင့်ကိုယ် ရှိကြ၏။ ထို့ကြောင့် သူများအပြစ်မကြည့်ဘဲ ကိုယ့်အပြစ် ကိုယ်ကြည့်ရ၏။ သူများအပြစ်မရှာဘဲ ကိုယ့်အပြစ် ကိုယ်ရှာရ၏။ ကိုယ့်အပြစ်ကိုယ် မြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး ရှိသမျှ အပြစ်တွေကုန်စင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ရှိသမျှ အပြစ်များ ကုန်စင်လျှင် အလှဆုံးဖြစ်ပြီမို့ ဆင်ခြင်တုံတရားကြေးမုံပြင်ကို ကြည့်ပြီး ကိုယ် နှုတ် နှလုံးသုံးပါးကို ဆင်ခြင်သင့်ပါသည်။ ။

အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၉

အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များသည် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသွားရန်ဖြစ်ကြောင်း၊ ကော်မတီ၏ ညှိနှိုင်းဆွေးနွေးပွဲကို လစဉ် အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ကိုယ်စီလုပ်ရမည့် လုပ်ငန်းတာဝန်များ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် တင်ပြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာချုပ် (အဆောက်အအုံ) ဦးထွန်းအောင်ကျော်က ကော်မတီ၏ လုပ်ငန်းစဉ်များကို တိုးတက်အောင် ထိထိမိမိ ဆောင်ရွက်နိုင်ရန်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၁၉
ထိုင်း (ဘတ်)	၃၁. ၆၈၀၀	၀. ၀၃၁၅၇
တရုတ် (ယွမ်)	၆. ၃၇၅၁၀	၀. ၁၅၆၈၆
အိန္ဒိယ(ရူပီး)	၅၅. ၄၁၅၀	၀. ၀၁၈၀၅
မလေးရှား (ရင်းဂစ်)	၃. ၁၈၃၀၀	၀. ၃၁၄၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၃၁၅	၀. ၇၇၉၃၃
ဂျပန် (ယန်း)	၇၉. ၄၈၅၀	၀. ၀၁၂၅၈
တောင်ကိုရီးယား(ဝမ်)	၁၁၇၃. ၈၀	၀. ၀၀၀၈၅
ယူရို	၀. ၇၉၈၈၀	၁. ၂၅၁၈၆
ဗြိတိသျှ (ပေါင်)	၀. ၆၄၆၂၅	၁. ၅၄၇၄၀

အင်တာနက်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆

(၂) မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း
ဖုန်း-၀၁-၃၉၈၇၅၆

အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသည့် အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သမဝါယမဦးစီးဌာန၌ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသည့်အခမ်းအနားကျင်းပရာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး အသင်းကိုယ်စားလှယ်တစ်ဦးနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်စန္ဒာထွန်းတို့က အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅ တရားတော်
၈း၁၅ မှတ်တမ်း
၁၁း၃၀ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၆၄)
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-လမ်းပြကြယ်လေး
၁း၀၀ ကျန်းမာသုတ
၁း၂၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ရှင်သန်နေသရွေ့(အပိုင်း-၃၃)
၄း၃၀ လျှပ်တစ်ပြက်
၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၃၀ ဘဝကြေးမုံ
၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
“ကွန်ဖူးဘုရင်ဘရစ်လီ” (အပိုင်း-၄၄)
-ယနေ့ရန်ကုန်မြင်ကွင်းစုံ
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“အရိုက်အရာ”(အပိုင်း-၂၁)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“အရုဏ်ဦးရဲ့လင်းသံစဉ်” (အပိုင်း-၃၅)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရမည်းသင်းမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးသွားမည်

ရမည်းသင်း ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ တို့ရှိ တောင်သူများက ၂၀၁၂-၂၀၁၃ ခုနှစ်တွက် လျာထားချက်သီးနှံမျိုးစုံအား စိုက်ပျိုးထုတ်လုပ်သွားကြမည်ဖြစ်သည်။

အဆိုပါသီးနှံမျိုးစုံများမှာ မိုးစပါး ဧက ၅၁၁၀၀၊ မိုးမြေပဲ ဧက ၁၆၄၀၀၊ နှမ်း ဧက ၁၆၃၀၀၊ မိုးကြိုဝါ ၂၄၇၅ ဧက၊ မိုးနှောင်းဝါ ဧက ၂၇၇၀၀၊ နေကြာ ၉၂၅၉ ဧက၊ ပဲစင်းငုံ ဧက ၅၆၀၀၊ ပဲတီစိမ်း ဧက ၄၈၄၀၀၊ အခြားပဲ ဧက ၂၇၀၀၊ အစေ့ထုတ်ပြောင်း ၁၀၂၄ ဧက၊ နှံစားပြောင်း ဧက ၁၅၉၄၊ ဧရာတ် ဧက ၁၆၈၂၀ နှင့် ဟင်းသီးဟင်းရွက် ဧက ၄၈၀၀ တို့အား ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ ဦးဆောင်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရှေ့တန်းမှူးတို့က အနီးကပ်ကြီးကြပ်ပြီး လျာထားချက်များ ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်သွားကြမည် ဖြစ်သည်။

မိုးစပါး ဧက ၅၁၁၀၀တွင် ဆည်ရေဖြင့် ၁၉၁၇၈ ဧက၊ မိုးကောင်းသောက်ရေဖြင့် ၃၁၉၂၂ ဧက စုစုပေါင်း ဧက ၅၁၁၀၀ စိုက်ပျိုးကြကြောင်း သိရသည်။ (၁၁၅)

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၉ ရက်က ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မိဘများနှင့် ကျောင်းသား ကျောင်းသူများ အောင်စာရင်း လာရောက်ကြည့်ရှုကြစဉ်။ (၆၈၁)

❍ ကျောဖုံးမှ

နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးလေဆိပ်သို့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသဇုန်များ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပြုပြင်ထိန်းသိမ်းပြီးစီးမှု၊ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုနှင့် ဝင်ငွေရရှိမှု၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ရေရှည်တည်တံ့စေရေးအတွက် ပုဂံ Master Plan ရေးဆွဲ၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပုဂံခေတ်နံရံဆေးရေးပန်းချီများ၊ အင်္ဂတေတိုင်ထောင့်ပန်း၊ မြေဘုံသာဘုရားလှမှ အပြင်နံရံအထက်ပိုင်း အင်္ဂတေပန်းတန်းများ၊ လောကနန္ဒာဘုရားမှ ကျောက်ခြေတော်ရာ၊ အာနန္ဒာဘုရားမှ သဲကျောက်ဆင်းတုတော်များ၊ ပုဂံခေတ်စဉ့်သုတ်ရုပ်ချပ်များ၊ ပုဂံခေတ်နောက်ပိုင်း သစ်သားပန်းပုလက်ရာများ၊ ကျန်စစ်သားမင်း အတ္တုပ္ပတ္တိ ကျောက်စာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမွန်တို့ စူဠာမဏိဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

များအပါအဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သစ်ကို ၁၉၉၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အထူးပင်မ ပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ဗိသုကာပြခန်း၊ နန်းမြို့ပြခန်း၊ စာပေပြခန်း၊ လူနေမှုဘဝပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ ဗုဒ္ဓဆင်းတုတော်ပြခန်း၊ ဘုရားပုထိုးပန်းချီပြခန်း၊ နံရံဆေးရေးပန်းချီပြခန်း၊ ကျောက်စာများအပါအဝင် ပုဂံခေတ်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စုံလင်စွာ ခင်းကျင်းပြသထားသည်။

ပြတိုက်ကို တနင်္လာနှင့် အင်္ဂါနေ့ အပါအဝင် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြည်တွင်းပြည်ပဧည့်သည်များ၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အေဒီ(၁၁၁၃)ခုနှစ်က ကျန်စစ်သားမင်းကြီး၏ သားတော်ရာဇကုမာရ် တည်ထားသည့် ဂူပြောက်ကြီး (မြင်းကပါ)ဘုရားသို့ သွားရောက်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြကာ ပုဂံခေတ်ဦးပိုင်းဆိုင်ရာ နံရံဆေးရေးပန်းချီလက်ရာများ၊ ပန်းတော့အင်္ဂတေပန်းလက်ရာများ၊ ပန်းတမော့ကျောက်ဆစ်လက်ရာများ၊ မင်စာများနှင့် နံရံပန်းချီ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မြစေတီဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ လေးဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည့် မြစေတီကျောက်စာကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းဘုရားအမှတ်(၈၂၀)သို့ သွားရောက်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကာ အနုစိတ်လက်ရာ ထူးခြားကောင်းမွန်သည့် သာသနိက အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အေဒီ(၁၁၈၃)ခုနှစ်က နရပတိစည်သူမင်းကြီး တည်ထားခဲ့သည့် စူဠာမဏိဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြကာ စေတီတော်ပစ္စယာ အဆင့်ဆင့်ရှိ စိန်တန်းများတွင် လှပတင့်တယ်သော စဉ့်ကွက်များ၊ စဉ့်ပန်းများ၊ အင်္ဂတေပန်းလက်ရာတိုင်ဖုံးပန်းများ၊ ဘီလူးပန်းဆွဲများ၊ ကနုတ်ပန်းများ၊ ပုလဲကုံးများ၊ ရာမလက်ညှိုးနှင့် စုလစ်တံကဲပန်းများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး ပုဂံမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)



ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အား ကိုရီးယားနိုင်ငံမှ ဧည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ Dongyang Engineering Co., Ltd. မှ Mr. Kim Choon Dong ဦးဆောင်သောအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း နေရောင်ခြည်လျှပ်စစ်ဓာတ်အား (Solar Power)နှင့် ရေအားလျှပ်စစ် (Hydro Power) ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၉

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဌေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၃၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုသေးစစ်ဌာနစုမှူး ရဲအုပ်ဝင်းမြင့်က မော်တော်ယာဉ် မောင်းသူများ လိုက်နာရန် စည်းကမ်းများ၊ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ/သေဆုံးမှုအခြေအနေများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပို့ချပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များအား ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်း ဖြေကြားခြင်းများပြုလုပ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်မထွန်းပါနှင့်။
(ဉ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန။

ပြည်သူ့ထံမှ ပေးစာ

ပရိဘောဂလုပ်ငန်း ဆူညံ ပေါလစ်နံ့နံ

စာတည်းခင်ဗျား-

ဖျာပုံမြို့ ရတနာလမ်း (၄)ရပ်ကွက်အပိုင်းနှင့် (၈)ရပ်ကွက်အပိုင်းတို့တွင် ပရိဘောဂအလုပ်ရုံနှစ်ရုံရှိရာ ထုသံ ရိုက်သံများ၊ လွှဖြတ်သံများ၊ မော်တာသံများ၊ ပေါလစ်အနံ့များ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် နားမခံနိုင်ပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

ရတနာလမ်းသူလမ်းသားများ။

— — — — —

စည်းကမ်းမဲ့ အညစ်အကြေးစွန့်သူများ တားဆီးပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၉) ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထိပ် တယ်လီဖုန်းဆက်သွယ်ရေးငွေစာရင်းဌာန ရုံးဘက်အခြမ်းတွင် ကွမ်းယာ၊ အသုပ် ရောင်းချသူများသည် လမ်းထဲတွင် အိပ်ခြင်း၊ လမ်းထိပ်ရှိ ဆွမ်းလောင်းဓမ္မာရုံနှင့် အဝီစိရေတွင်းဘေးတို့တွင် ကျင်ကြီးကျင်ငယ်စွန့်ခြင်းတို့ကြောင့် လမ်းထဲနေသက်ကြီးရွယ်အိုများ၊ လူငယ်လူရွယ်များနှင့် ကလေးများအတွက် အမြင်မသင့်တော်ခြင်း၊ ကျင်ကြီးကျင်ငယ် အနံ့အသက်များ ရှူရှိုက်နေရခြင်းတို့ကြောင့် ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ။

— — — — —

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းနှင့် လှည်းတန်းလမ်းတို့၏ နောက်ဖေးလမ်းကြားထိပ် (ကမ်းနားလမ်း) အား ပိတ်၍ နေ့ရောညပါ ဆိုင်ခန်းဖွင့်ရောင်းချလျက်ရှိရာ လမ်းသူလမ်းသားများ အဝင်၊ အထွက် ခက်ခဲခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းနှင့် စားကြွင်းစားကျန်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် မြောင်းများပိတ်ဆို့၍ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကြည့်မြင်တိုင်သား။

လူလိုက်ပါသောအာကာသယာဉ် ယခုလအတွင်း တရုတ်လွှတ်တင်မည်

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံသည် လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကို ယခုလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ အာကာသ၌ အမြဲတမ်းအာကာသစခန်းတစ်ခုကို ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားချိန်တွင် လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကို လွှတ်တင်တော့မည်ဖြစ်သည်။

ရှင်ကျိူ့-၉ အမည်ရှိ အာကာသယာဉ်နှင့် ယင်း၏ ဒုံးပျံယာဉ်တို့ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျွေကျွန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းသို့ ရွှေ့ပြောင်းခဲ့ပြီးဖြစ်ကြောင်း အာကာသရေးရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လွှတ်တင်မည်

တရုတ်နိုင်ငံ၏ ပထမဆုံးသော လူလိုက်ပါသည့် အာကာသယာဉ်ကို ဇွန်လအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယခု အာကာသခရီးစဉ်အတွင်း ရှင်ကျိူ့-၉ အာကာသယာဉ်သည် ကမ္ဘာကိုလှည့်ပတ်လျက်ရှိသော တီယန်ကောင်-၁ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မည်ဖြစ်သည်။ ရှင်ကျိူ့-၉ အာကာသယာဉ်နှင့်အတူ အာကာသယာဉ်တွင် သုံးဦးလိုက်ပါမည်ဖြစ်သည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ အာကာသယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ ငြိမ်းချမ်းရေးထိန်းသိမ်းရန် တပ်ဖွဲ့ဝင်များကို အင်ဒိုနီးရှားစေလွှတ်

ဂျကာတာ ဇွန် ၉

အင်ဒိုနီးရှားနိုင်ငံသည် ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွင် ပါဝင်နိုင်ရန် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇွန် ၉ရက်တွင် ရေးသားဖော်ပြသည်။

ဒါဖာဒေသသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် ကုလသမဂ္ဂက အင်ဒိုနီးရှားနိုင်ငံကို တိုက်တွန်းခဲ့ကြောင်း အင်ဒိုနီးရှားငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းဌာန အကြီးအကဲ ဗိုလ်မှူးချုပ် အီမန်အယ်ဒီက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆူဒန်နိုင်ငံသို့ ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို စေလွှတ်မည် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒါဖာဒေသ၌ လောလောဆယ်တွင် စစ်ရေးအကဲခတ် ငါးဦးနှင့် စစ်ဦးစီးအရာရှိ တစ်ဦးတို့ကိုလည်းကောင်း၊ တောင်ဆူဒန်နိုင်ငံ၌ စစ်ရေးအကဲခတ် သုံးဦးကိုလည်းကောင်း ဖြန့်ကြက်ထားကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၉

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ကွက်တာမြို့၌ ဇွန် ၉ ရက် နံနက်ပိုင်းက ရဲကားတစ်စီးကိုအမည်မသိသေနတ်သမားအချို့က ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်လေးဦးထက်မနည်း သေဆုံး၍ တစ်ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာမှလာသော သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွက်တာမြို့ရှိ ဆာရက်ဘ်ဂုတ်ဒ်ဒေသတွင် ရဲတပ်ဖွဲ့ဝင်များ၏ကားကို မော်တော်ဆိုင်ကယ်စီးလူနှစ်ဦးက ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်တွင် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားချယ်နယ်ဒေါင်းက ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်များလုံခြုံရေးကင်းလှည့်ရာ လမ်းကြောင်းတွင် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး တိုက်ခိုက်သူများ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အခင်းဖြစ်ပွားသောနေရာတစ်ဝိုက်ကို ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ကာ ဒဏ်ရာရရှိသွားသော ရဲတပ်ဖွဲ့ဝင်ကိုဆေးရုံသို့ တင်ပို့ကုသထားကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် ပြင်သစ်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ကဘူး ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲသူတစ်ဦး၏ လက်ချက်ကြောင့် ပြင်သစ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးရကြောင်း နေတိုးတပ်ဖွဲ့က ဇွန် ၉ ရက်တွင် ပြောကြားသည်။

နေတိုးတပ်ဖွဲ့၏ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားကာ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကာပီဆာပြည်နယ် နီဂျာရက်ဒေသ၌ ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက ယင်းဗုံးခွဲတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ခြောက်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရသော ပြင်သစ်တပ်ဖွဲ့ဝင်များမှာ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူတပ်ဖွဲ့မှဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ။

အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးမည့် လေယာဉ်တင်သင်္ဘောကို စမ်းသပ်မောင်းနှင်

မော်စကို ဇွန် ၉

အိန္ဒိယရေတပ်အတွက် ရုရှားနိုင်ငံက မွမ်းမံပြင်ဆင်ခဲ့သော လေယာဉ်တင်သင်္ဘောကြီးကို ပင်လယ်ဖြူ၌ ဇွန် ၈ ရက်က စမ်းသပ်မောင်းနှင်မှုစတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗာကရာမာဒစ်တာဟုအမည်ပေးထားသော လေယာဉ်တင် သင်္ဘောကြီးသည် တန် ၄၅၀၀၀ အလေးချိန်ရှိပြီး ရုရှားနှင့် အိန္ဒိယရေတပ်တပ်ဖွဲ့ဝင်များ ပူးတွဲလျက် ပင်လယ်ပြင်အတွင်း စမ်းသပ်မောင်းနှင်မှု စတင်ပြုလုပ်ခဲ့သည်။

ပင်လယ်ပြင်အတွင်း စမ်းသပ်မောင်းနှင်မှုမှာ ရက် ၁၂၀ ကြာမြင့်မည်ဖြစ်ပြီး ယင်းနောက်တွင် အဆိုပါ လေယာဉ်တင်သင်္ဘောကို အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

လေယာဉ်တင်သင်္ဘောကြီး၏ စက်ကိရိယာများကို အသုံးပြုတတ်စေရန် စမ်းသပ်မောင်းနှင်ရာတွင် အိန္ဒိယရေတပ်မှ တပ်ဖွဲ့ဝင်များလည်း လိုက်ပါလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် လေယာဉ်တင်သင်္ဘောကြီး ရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၀၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗာကရာမာဒစ်တာလေယာဉ်တင်သင်္ဘောကို ကနဦးအနေဖြင့် ဆိုဗီယက်ပြည်ထောင်စုရေတပ်အတွက် တည်ဆောက်ခဲ့သည်။ ယင်းလေယာဉ်တင်သင်္ဘောကို မွမ်းမံပြင်ဆင်မှုပြုလုပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ **အင်တာနက်။**

အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးအပ်ခြင်းမရှိမီ လေယာဉ်တင်သင်္ဘောကို စမ်းသပ်မောင်းနှင်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြောက်ကိုရီးယား၏ စီးပွားရေးဇုန်သို့ နိုင်ငံခြားသားများ ဗီဇာမပါဘဲ ဝင်ခွင့်ပြုမည်

ပြုံယမ်း ဇွန် ၉

မြောက်ကိုရီးယားနိုင်ငံ၏ အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းဒေသအနီးရှိ စီးပွားရေးဇုန်သစ်သို့ နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ဗီဇာမပါဘဲ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါနိုင်ငံက ဇွန် ၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ဒေသအဖြစ် သတ်မှတ်ထားသော ယာလူမြစ်၏ မြစ်ဝရှိ ကျွန်းနှစ်ကျွန်းပေါ်တွင် စီးပွားရေးဇုန်သစ်တစ်ခုကို ပူးတွဲတည်ဆောက်လျက်ရှိကြသည်။

စီးပွားရေးဇုန်သစ်၏ တည်ဆောက်ရေးစီမံကိန်းကို ဒီဇင်ဘာလတွင် စတင်ခဲ့သည်။

အဆိုပါ စီးပွားရေးဇုန်သစ်သို့ နိုင်ငံခြားသားများနှင့် ၎င်းတို့၏ မော်တော်ယာဉ်များ ပြည်ဝင်ခွင့်ဗီဇာရယူရန် မလိုအပ်ဘဲ ဝင်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရ သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား၏ စီးပွားရေးဇုန်သစ်၌ ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂိုလ်များအား အခွန်လွတ်ငြိမ်းခွင့်၊ မြေရာအသုံးပြုခွင့် စသည်တို့နှင့် ပတ်သက်၍ အထူးအခွင့်အရေးပေးမည်ဖြစ်ကြောင်း၊ ယင်းဇုန်၌အသုံးပြုနိုင်ရန် သယ်ယူလာသောစက်ပစ္စည်းများအပေါ် အကောက်ခွန်ကောက်ယူမည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

မြောက်ကိုရီးယားနယ်စပ်ဒေသ၌ ကမ္ဘာလှည့်ခရီးသည်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှေးဟောင်းသုတေသနဆိုင်ရာ လူငယ်စခန်း ရုရှားတောင်ပိုင်း ဆိုက်ဘေးရီးယား၌ဖွင့်

မော်စကို ဇွန် ၉

ရုရှားဖက်ဒရေးရှင်းတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗာသမ္မတနိုင်ငံ၌ နိုင်ငံတကာ ရှေးဟောင်းသုတေသနဆိုင်ရာ လူငယ်စခန်းတစ်ခုကို ဇွန် ၈ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရုရှားပထဝီဝင်အသင်း၏ စီစဉ်ကျင်းပမှုဖြင့် ဖွင့်လှစ်လိုက်သော နိုင်ငံတကာရှေးဟောင်းသုတေသနဆိုင်ရာ လူငယ်စခန်းသို့ ရုရှား၊ အမေရိကန်၊ အီတလီနှင့် ယူကရိန်းနိုင်ငံတို့မှ ကျောင်းသားကျောင်းသူ ၂၀၀ ခန့် စေလွှတ်ခဲ့သည်။

တူဗာသမ္မတနိုင်ငံသည် ရှေးဟောင်း သုတေသနပညာရှင်များ အလွန်စိတ်ဝင်စားသည့် နိုင်ငံဖြစ်သည်။

နိုင်ငံတကာမှ လုပ်အားပေးကျောင်းသားကျောင်းသူများသည် ရှေးဟောင်းသုတေသနလုပ်ငန်းအတွက် အထောက်အကူပြုမည့် ရထားလမ်းတစ်လမ်း ဖောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

အင်တာနက်။

အမေရိကန်ပြည် ထောင်စု ကာလီဖိုးနီးယားပြည်နယ်၌ စွန့်ပစ်ပစ္စည်းများ စုဆောင်း သိမ်းယူနေသည့် အလုပ်သမားတစ်ဦးအား တွေ့ရစဉ်။

ကမ္ဘာတစ်ဝန်းမြို့ပြလူ့အဖွဲ့အစည်းများ အမှိုက်ပြဿနာနှင့် ပိုမိုရင်ဆိုင်နေရ

ဝါရှင်တန် ဇွန် ၉

ကမ္ဘာတစ်ဝန်း မြို့ပြလူ့အဖွဲ့အစည်းများသည် စွန့်ပစ်ပစ္စည်းများ ပိုမိုစွန့်ထုတ်လာရာအမှိုက်ပြဿနာသည် စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ဝန်ထုပ်ဝန်ပိုးအဖြစ် တဖြည်းဖြည်းဖိစီးလာကြောင်း ကမ္ဘာ့ဘဏ်က ဇွန် ၆ ရက်တွင် သတိပေးခဲ့သည်။

မြို့ပြလူ့အဖွဲ့အစည်းများမှ စွန့်ပစ်ပစ္စည်းများ ပိုမိုထွက်ပေါ်လာမှုသည် ကမ္ဘာကြီးပူနွေးလာမှု၏ပြဿနာနည်းတူ စိုးရိမ်ရဖွယ်ကိစ္စတစ်ရပ်ဖြစ်လာပြီး ဆင်းရဲသောနိုင်ငံများ အထူးသဖြင့် အာဖရိကနိုင်ငံများအတွက် ငွေကုန်ကြေးကျများရသည့်ပြဿနာဖြစ်လာကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြသည်။

မြို့ပြလူ့အဖွဲ့အစည်းများသည် ၂၀၂၅ ခုနှစ်အရောက်တွင် တစ်နှစ်လျှင် အမှိုက်တန်ချိန် ၂ ဒသမ ၂ ဘီလီယံအထိ စွန့်ထုတ်လာမည်ဖြစ်ရာ ယနေ့ကာလစွန့်ထုတ်သည့် အမှိုက်ပမာဏထက် ၇၀ ရာခိုင်နှုန်းပိုမြင့်မားလာမည်ဖြစ်ကြောင်း "နေ့စဉ်ပိုဆိုးလာသော အသံတိတ်ပြဿနာ"အမည်ရှိ ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယနေ့ကာလ၌ မြို့ပြလူ့အဖွဲ့အစည်းများ စွန့်ထုတ်သည့် အမှိုက်ပမာဏမှာတစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၃ ဘီလီယံအထိရှိသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၅ ခုနှစ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကဏ္ဍအတွက်သုံးစွဲရသည့် ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဘီလီယံအထိမြင့်တက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၊ အရှေ့အာရှ၊ အရှေ့ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများ၌ မြို့ပြလူ့အဖွဲ့အစည်းများသည် အမှိုက်သရိုက်များ ပိုမိုစွန့်ထုတ်လျက်ရှိကြောင်း သိရသည်။**အင်တာနက်။**

မြောက်ကိုရီးယားနိုင်ငံ၏ ရန်စပုတ်ခတ်မှု စည်းကျော်နေကြောင်း တောင်ကိုရီးယား စွပ်စွဲ

ဆိုးလ် ဇွန် ၉

မကြာသေးမီကာလအတွင်း မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့သည့် ခြိမ်းခြောက်မှုများနှင့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများသည် စည်းလွတ်ဝါးလွတ်သဘောဆောင်ကြောင်း တောင်ကိုရီးယားနိုင်ငံက ဇွန် ၈ ရက်တွင်စွပ်စွဲလိုက်ပြီး အတိတ်ကာလစားနပ်ရိက္ခာအကူအညီများအတွက် ပေးဆပ်ရမည့်ချေးငွေများကို စတင်ပေးဆပ်ရန် မြောက်ကိုရီးယားအားဖိအားပေး တိုက်တွန်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအား ခြိမ်းခြောက်နေမှုများနှင့် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်ကို ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တိုက်ခိုက်နေမှုများအား မြောက်ကိုရီးယားအနေဖြင့် ချက်ချင်းရပ်တန့်သင့်ပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းသို့သော ခြိမ်းခြောက်မှုများသည် ကိုရီးယားနှစ်နိုင်ငံ အကြားဆက်ဆံရေးတွင် ထားရှိသင့်သည့် စည်းဘောင်ကို ကျော်လွန်နေကြောင်း ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်နှင့် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်များအား ကြွက်များအဖြစ်လည်းကောင်း၊ ဆန်ကုန်မြေလေးများအဖြစ်လည်းကောင်းကာလကြာမြင့်စွာ ပုတ်ခတ်ခဲ့သည့်အပြင် စစ်သံပေး ခြိမ်းခြောက်မှုများလည်းပြုလုပ်ခဲ့ကြောင်း ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၂၀၀၀ ပြည့်မှ ၂၀၀၇ ခုနှစ်အကြား တောင်ကိုရီးယားနိုင်ငံမှရယူထားသော စားနပ်ရိက္ခာများအတွက် ပေးဆပ်ရမည့် ချေးငွေ အတိုးရောအရင်းပါစုစုပေါင်းအမေရိကန်ဒေါ်လာ ၅ ဒသမ ၈၃ သန်းကို ပထမအရစ်ပေးဆပ်ရမည့်ကာလမှာ ဇွန် ၇ ရက်တွင်ပြည့်ခဲ့ပြီဖြစ်ရာ စတင်ပေးဆပ်သွားရန် မြောက်ကိုရီးယားအား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။

ယခင်လက်ဝဲယိမ်းအစိုးရလက်ထက်တွင် တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၇၂၀ တန်ဖိုးရှိစားနပ်ရိက္ခာများကို အတိုးနှုန်းချိုသာသော နှစ်ရှည်ချေးငွေ သဘောမျိုးဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အကြား ခြောက်သုတ်ခွဲ၍ ပို့ဆောင်ပေးခဲ့သည်။

အင်တာနက်။

ကမ္ဘာ့သစ်တောများဆိုင်ရာ ရာဇဝတ်မှုများ ကိုင်တွယ်ဖြေရှင်းရေး ကုလနှင့်အင်တာပိုလ်တို့ လက်တွဲ

ပါရီ ဇွန် ၉

ကမ္ဘာ့သစ်တောများဆိုင်ရာ ရာဇဝတ်မှုများအား ကိုင်တွယ် ဖြေရှင်းမည့်စီမံချက်တစ်ရပ်ကို နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)နှင့် ကုလသမဂ္ဂတို့က လက်တွဲအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ပရောဂျက်လိဖ်(Project Leaf)အမည်ရှိ အဆိုပါစီမံချက်အရ တရားမဝင် သစ်ခုတ်လှဲမှုများနှင့် သစ်မှောင်ခိုလုပ်ငန်းများ အပါအဝင်ဖြစ်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းမည် ဖြစ်သည်။

ယင်းအပြင် သစ်တောဆိုင်ရာရာဇဝတ်မှုများကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် နိုင်ငံများမှ တရားဥပဒေစိုးမိုးရေး အေဂျင်စီများကို ပရောဂျက်လိဖ်စီမံချက်က အကူအညီပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)က ပြောကြားသည်။

တရားမဝင်သစ်ခုတ်လှဲမှုများသည် နယ်နိမိတ်အကန့်အသတ်ရှိသည့် ပြဿနာတစ်ရပ်မဟုတ်တော့ကြောင်း အင်တာပိုလ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ နိုင်ငံတကာသစ်တော ဥပဒေများ အာဏာသက်ရောက်စေရန်နှင့် ရာဇဝတ်မှုကျူးလွန်သူများအား တရားခွင်တင်ပို့နိုင်ရေးအတွက် ပရောဂျက်လိဖ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်တာပိုလ်၏ အဆိုအရ သိရသည်။

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (Unep)နှင့် နိုင်ငံတကာရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နော်ဝေနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ပရောဂျက်လိဖ်စီမံချက်အား အကောင်အထည်ဖော်မည် ဖြစ်သည်။

ကမ္ဘာ့လူဦးရေလေးပုံတစ်ပုံကျော်သည် ၎င်းတို့၏နေ့စဉ် ဘဝနေထိုင်ရေး၊ လောင်စာ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများအတွက် သစ်တောများကို မှီခိုအားပြုနေရကြောင်း ခန့်မှန်းရသည်။

အင်တာနက်။

ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေး နိုင်ငံတကာမဟာဗျူဟာထားရှိရန်လို

ဘာရွန်းဖီး ဇွန် ၉

ကမ္ဘာမြေအားဝင်တိုက်နိုင်သည့် အန္တရာယ်ဂြိုဟ်သိမ်များ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သော နိုင်ငံတကာဆက်သွယ်ရေးမဟာဗျူဟာတစ်ရပ် တည်ဆောက်ရေးလိုအပ်ကြောင်း အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်အခြေစိုက် အဖွဲ့အစည်းတစ်ရပ်က ဇွန် ၇ ရက်တွင် တင်ပြခဲ့သည့် သုတေသနအစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ယင်းသို့သောဆက်သွယ်ရေးမဟာဗျူဟာ တည်ဆောက်ထားခြင်းဖြင့် ကမ္ဘာမြေနှင့်ဝင်တိုက်ရန် အလားအလာရှိသည့် ဂြိုဟ်သိမ်များနှင့်ပတ်သက်၍ နိုင်ငံတကာသတိပေးချက်များကို ထုတ်ပြန်ပေးနိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် တင်ပြထားသည်။

အဓိကပြဿနာတစ်ရပ်မှာ အန္တရာယ်ဂြိုဟ်သိမ်များနှင့် ပတ်သက်၍ နိုင်ငံတကာဆက်သွယ်ရေးစနစ်ကို ယခင်က တည်ဆောက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာ၏အဆိုအရ သိရသည်။

ဂြိုဟ်သိမ်များ၏ သဘောသဘာဝနှင့်ခြိမ်းခြောက်မှုအန္တရာယ်တို့ကို အများပြည်သူများ သတိထားလာစေရန် လူထုဆက်သွယ်ရေးမီဒီယာများအား အသုံးပြုအသိပေးနိုင်ကြောင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာမြေနှင့်အနီးအနား အာကာသဟင်းလင်းပြင်ထဲတွင် ဂြိုဟ်သိမ် ၉၀၀၀ မျှ မျောလွင့်နေပြီး အများစုမှာ ကမ္ဘာကိုအန္တရာယ်ကျရောက်စေမည့် အလားအလာမရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။ **အင်တာနက်။**

ကမ္ဘာတစ်ဝန်းကလေးများ သေဆုံးရသည့် အဓိက အကြောင်းတရားများထဲတွင် အဆုတ်ရောင်ရောဂါနှင့် ဝမ်းရောဂါများ ပါဝင်

နယူးယောက် ဇွန် ၉

ကမ္ဘာတစ်ဝန်း အထူးသဖြင့်ဆင်းရဲသော နိုင်ငံဒေသများ မှ ကလေးငယ်များသေဆုံးရသည့် အဓိကအကြောင်းတရားများထဲတွင် အဆုတ်ရောင်ရောဂါနှင့်ဝမ်းရောဂါများ ပါဝင်နေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ဇွန် ၈ ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြထားသည်။

ကလေးသူငယ်နှစ်သန်းကျော်သည် အဆုတ်ရောင်ရောဂါ နှင့်ဝမ်းရောဂါများကြောင့် နှစ်စဉ်သေဆုံးလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံး ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း၏ ၂၉ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ရိုးစင်းသော ကြားဝင်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးနိုင်ပါက လာမည့်နှစ်များအတွင်း ယင်းရောဂါနှစ်မျိုးကြောင့် ကလေးများသေဆုံးမှုနှုန်းထားအား လျှော့ချနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ပြောကြားသည်။အဆုတ်ရောင်ရောဂါနှင့် ဝမ်းရောဂါများအတွက် ကာကွယ်ဆေးများ ကြိုတင်ထိုးနှံတိုက်ကျွေးခြင်း၊ ကလေးများအား မိခင်နို့တိုက်ကျွေးမှုကိုအားပေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေနှင့် ရေသန့်စင်မှုစနစ်များ ပိုမိုအသုံးပြုလာနိုင်အောင်ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာက ကြားဝင်ဆောင်ရွက်ပေးရန်လိုကြောင်းယူနီဆက်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဝမ်းရောဂါနှင့် အဆုတ်ရောင်ရောဂါကြောင့် ကမ္ဘာ တစ်ဝန်းသေဆုံးရသည့် ကလေးအရေအတွက်၏ ထက်ဝက်ခန့်မှာ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ ကွန်ဂို၊ ပါကစ္စတန်နှင့် အီသီယိုးပီးယားတို့မှ ဖြစ်သည်။ **အင်တာနက်။**

ရုရှားတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုကြောင့် အရှေ့အလယ်ပိုင်းကောင်းကင်ယံ၌ ထူးဆန်းသောအလင်းရောင်ဖြစ်ပေါ်

ဂျေရုဆလင် ဇွန် ၉

ပျံသန်းနေသောအမျိုးအမည်မသိ အရာဝတ္ထု(ယူအက်ဖ်အို)တစ်ခုနှင့်ပတ်သက်၍ အသိပေးအကြောင်းကြားလာကြသည့် ဖုန်းခေါ်ဆိုမှုရာပေါင်းများစွာကို အစ္စရေးနိုင်ငံတစ်ဝန်းလုံးမှ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဇွန် ၇ ရက်တွင် လက်ခံရရှိခဲ့သည်။

အဆိုပါ ထူးဆန်းသော ယူအက်ဖ်အိုသည် ဥက္ကာခဲတစ်ခု မဟုတ်သည်မှာသေချာကြောင်း အစ္စရေးနက္ခတ္တဗေဒသိပ္ပံအသင်းဥက္ကဋ္ဌက အတည်ပြုပြောကြားခဲ့သည်။

သို့ရာတွင် ဆီးရီးယား၊ အီရန်နှင့် အစ္စရေးနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသတစ်ခွင်လုံး၌ မြင်တွေ့ခဲ့ရသည့် ထူးဆန်းသော အလင်းရောင်သည် ရုရှားနိုင်ငံ၏တိုက်ချင်းပစ်ဒုံးပျံစမ်းသပ်မှုတစ်ရပ်ဖြစ်ကြောင်း သတင်းအရင်းအမြစ် အများအပြားက ဇွန် ၈ ရက်တွင် အတည်ပြုခဲ့ကြသည်။

ဒုလုံးချွန်ပုံသဏ္ဌာန်ရှိ ယူအက်ဖ်အိုသည် တောက်ပသော အလင်းရောင်နှင့် မီးခိုးများဖြာတန်းကာ အရှေ့အလယ်ပိုင်းဒေသ ကောင်းကင်ယံကိုဖြတ်ပျံခဲ့ပြီးနောက် ချာချာလည်ကာ ကွယ်ပျောက်သွားသည်ကို ရုပ်သံမှတ်တမ်းများတွင် တင်ပြထားသည်။

သို့ရာတွင် ရုရှားမဟာဗျူဟာဒုံးပျံတပ်ဖွဲ့သည် တိုပိုလ် အာရ်အက်စ် ၁၂ အမ်အမျိုးအစား တိုက်ချင်းပစ်ဒုံးပျံကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဇွန် ၈ ရက်သတင်းများတွင်ဖော်ပြထားရာ အရှေ့အလယ်ပိုင်းဒေသ ကောင်းကင်ယံမှ ထူးဆန်းသောအလင်းရောင်ပြဿနာမှာလည်း ရှင်းလင်းသွားပြီဖြစ်သည်။

ယင်းဖြစ်စဉ်သည် ၂၀၀၉ ခုနှစ်အတွင်း နော်ဝေနိုင်ငံကောင်းကင်ယံ၌တွေ့ရှိခဲ့သော ထူးဆန်းသည့်အလင်းဝဲဂယက်ဖြစ်စဉ်နှင့်ထပ်တူညီကြောင်း သတင်းမီဒီယာများက နှိုင်းယှဉ်ဖော်ပြခဲ့သည်။

နော်ဝေကောင်းကင်ယံမှ အလင်းရောင်ဝဲဂယက်သည် ရုရှားနိုင်ငံ၏ဒုံးပျံစမ်းသပ်ပစ်လွှတ်ရာမှ ထွက်ပေါ်ခဲ့သော ဖြစ်စဉ်ဖြစ်ကြောင်း နောက်ပိုင်းတွင် အဖြေထုတ်နိုင်ခဲ့သည်။

အင်တာနက်။

ရုရှားဒုံးကျည်စမ်းသပ်မှုကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ဖြစ်ပေါ်ခဲ့သည့် ထူးဆန်းသောအလင်းရောင်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့ ဘူးသီးတောင်နှင့် မောင်တောမြို့နယ် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဇွန် ၈ ရက်မှစတင်၍ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်မတော်နှင့် ရဲတပ်ဖွဲ့များက အချိန်မီကာကွယ်တားဆီးနိုင်ခြင်းကြောင့် ယနေ့တွင် တည်ငြိမ်အေးချမ်းသွားပြီဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများနှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် စစ်တွေလေဆိပ်မှ မောင်တောမြို့နယ်သို့ ရောက်ရှိကြပြီး နယ်မြေအေးချမ်းတည်ငြိမ်မှုအခြေအနေများအား စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါအဖွဲ့နှင့်အတူ ဆူပူအကြမ်းဖက်မှုဖြစ်ပွားသည့် နေရာတစ်ဝိုက် နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများ ရောဂါမဖြစ်ပွားစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသမှုပါရဂူများနှင့် ဆေးကုသရေးအဖွဲ့များလိုက်ပါကာ မောင်တောမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်လက်ခံထားသော နယ်မြေခံ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် ဆူပူအကြမ်းဖက် မီးရှို့ခံရသော ကျေးရွာများမှ ပြင်းထန်စွာဒဏ်ရာရရှိသည့် အရေးပေါ်လူနာလေးဦးအား ရဟတ်ယာဉ်ဖြင့်ခေါ်ဆောင်၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ကျေးရွာဒေသများအတွင်း တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်းကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှ ယူ - ၂၂ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်း ပဏာမလက်ရွေးစင်အသင်းကို ဂိုးပြတ်နိုင်

ရန်ကုန် ဇွန် ၉

အာရှ ယူ-၂၂ ခြေစစ်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၂၂ အသင်းနှင့် ပဏာမမြန်မာ့လက်ရွေးစင် အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာယူ-၂၂ အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာယူ-၂၂အသင်း - သုံးဂိုး
(ကြည်လင်း၊ ညီညီမင်းနှင့် ဇော်မင်းထွန်း)
ပဏာမမြန်မာ့လက်ရွေးစင်အသင်း -တစ်ဂိုး
(ခင်မောင်လွင်-ပယ်နယ်တီ)

အာရှ ယူ-၂၂ ခြေစစ်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၂၂ အသင်း၏ ပထမဆုံးခြေစမ်းပွဲမှာ ဂိုးပြတ်အနိုင်ဖြင့် တာထွက်လာခဲ့သည်။ ပြိုင်ပွဲတွင် အသုံးပြုဖွယ်ရှိသည့် Line-up ကို ပွဲထွက်လာသည့် ယူ-၂၂ အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့သလို တွဲလုံးများကလည်း ထိရောက်သောကြောင့် ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပွဲအစ တစ်မိနစ်မပြည့်မီမှာပင် ကြည်လင်းက ယူ-၂၂ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ဒုတိယပိုင်းတွင်မှ ယူ-၂၂ အသင်း ပိုဖိကစားလာနိုင်ပြီး အနိုင်ဂိုးများကို ၆၇ မိနစ်တွင် ညီညီမင်းနှင့် ၇၃ မိနစ်တွင် ဇော်မင်းထွန်းတို့က သွင်းယူခဲ့သည်။ ပဏာမလက်ရွေးစင်အသင်းမှာ ရန်ပိုင်ကို အထောင်ထားပြီး ရာဇာဝင်းသိန်း၊ ပိုင်စိုး၊ ဒေးဗစ်ဒန်းတို့၏ တိုးအားဖြင့်ကစားခဲ့သော်လည်း အဆုံးသတ်အားနည်း၍ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ တစ်လုံးတည်း သောချေပဂိုးကို ၈၄ မိနစ်တွင် ခင်မောင်လွင်က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။

မြန်မာယူ-၂၂ အသင်းတွင် ဂိုး-ကျော်ဇင်ဖြိုး၊ နောက်တန်း-ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ အောင်ဟိန်းကျော်၊ ဇော်မင်းထွန်း၊ သိန်းသန်းဝင်း၊ ရဲဝင်းအောင်၊ အလယ်တန်း-ညီညီမင်း၊ သက်ပိုင်ဦး၊ ကျော်ဇေယျာဝင်း၊ နိုင်လင်းဦး၊ နန္ဒကျော်၊ ကြည်လင်း၊ မျိုးဇော်ဦး၊ ရှေ့တန်း-ကျော်ကိုကို၊ နန္ဒလင်းကျော်ချစ်နှင့် ချစ်မင်းစိုး (ကောင်းစည်သူ)တို့ ပါဝင်ကစားခဲ့ကြသည်။ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး- သီဟစည်သူ(ကျော်ဇင်ထက်)၊ နောက်တန်း-ဟန်ဝင်းအောင်၊ အောင်သိုက်၊ မိုးဝင်း(ဇော်ခါး)၊ ခင်မောင်လွင်၊ အလယ်တန်း-ဒေးဗစ်ဒန်း(အောင်မြင့်အေး)၊ ရန်အောင်ကျော်၊ မင်းမင်းသူ(ဇင်မျိုးအောင်)၊ ပိုင်စိုး (ပြည့်ဖြိုးအောင်)၊ ရာဇာဝင်းသိန်း (နေဝင်းအောင်)၊ ရှေ့တန်း-ရန်ပိုင်(စိုးမြတ်သူ)တို့ ပါဝင်ကစားခဲ့ကြသည်။

ရှိုင်းထက်ဇော်

တက္ကသိုလ်ဝင်တန်း အောင်စာရင်းထွက်သည့်နေ့ ရန်ကုန်မြို့ရှိ ညတက္ကစီများ အလုပ်ဖြစ်

ရန်ကုန် ဇွန် ၉

တက္ကသိုလ်ဝင်တန်း အောင်စာရင်းထွက်သည့်နေ့ ရန်ကုန်မြို့တွင် ညပိုင်းမောင်းနှင်နေသော ညတက္ကစီများ အလုပ်ဖြစ်နေကြောင်း သိရှိရသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းများ ဇွန်လ ၉ ရက် နံနက် ၆ နာရီ အချိန်မှသာ ထုတ်ပြန်ပေးခြင်းဖြစ်သော်လည်း ကျောင်းသားကျောင်းသူအချို့နှင့် ၎င်းတို့၏မိဘများမှာ စိတ်ဆန္ဒစောစွာ နံနက် ၂ နာရီလောက်ကတည်းက သက်ဆိုင်ရာကျောင်း စာစစ်ဌာနများသို့ သွားရောက်စောင့်စားကာ ကြည့်ရှုကြခြင်းဖြစ်ကြောင်း သိရသည်။

"အောင်စာရင်းသွားကြည့်ရတာ ရင်တော့ခုန်တယ်၊ စောစောစီးစီး သိရအောင်လို့ ဆိုပြီး မနက်မိုးမလင်းခင်ကတည်းက ကျောင်းနားမှာသွားစောင့်နေတာ" ဟု လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက ပြောသည်။

အောင်စာရင်းကြေညာခြင်းမပြုမီ နာရီများစွာကတည်းက ကြိုတင်စောင့်စားသွားရောက်နေသော ကျောင်းသားကျောင်းသူများလည်း စမ်းချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအနီး၌ တွေ့ရသည်။

"အရင်ရက်ကဆိုရင် ည ၁၁ နာရီ ၁၂ နာရီလောက်ဆိုရင်နားပြီး နံနက် ၄ နာရီလောက်မှ ပြန်မောင်းတာ၊ ဒါပေမယ့် အခု အောင်စာရင်းကြည့်ဖို့ လာငှားကြတဲ့ ခရီးသည်တွေကြောင့် ဝင်ငွေပိုလာတယ် ဆိုပေမယ့် အရင်ရက်တွေလိုတော့ နားချိန်သိပ်မရှိဘူး" ဟု အငှားယာဉ်မောင်း တစ်ဦးက ဆိုသည်။

၂၀၁၂ ခုနှစ် မတ်လက ဖြေဆိုခဲ့သော တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းများကို ကျောင်းသားကျောင်းသူများမှ ဖြေဆိုခဲ့ရာ စာစစ်ဌာနအသီးသီးတွင် ထုတ်ပြန်ကြေညာထားခြင်း ဖြစ်သကဲ့သို့ ညပိုင်း ပိုင်ရှင်ကြေးပေး၍ မောင်းသော ညတက္ကစီများအတွက် ဝင်ငွေ သိသာစွာ တိုးသည့်ရက်တစ်ရက်လည်း ဖြစ်ခဲ့ကြောင်း သိရသည်။

(၆၈၀)

ဂျပန်အမျိုးသမီးကစားသမားများ မြန်မာနိုင်ငံတွင် လာရောက်ပူးတွဲလေ့ကျင့်မည်

နေပြည်တော် ဇွန် ၉

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ ဂျပန်အမျိုးသမီး ဘောလုံးကစားသမားများသည် ရန်ကုန်မြို့သို့ လာရောက်၍ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ ဂျပန်အမျိုးသမီးဘောလုံးသမားများတွင် ဖူကူရှီးမား ဘောလုံးအကယ်ဒမီမှ ကစားသမား ငါးဦးနှင့် နည်းပြနှစ်ဦးလည်း ပါဝင်မည်ဖြစ်ပြီး ဇွန် ၁၃ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ခြေစမ်းပွဲများကစားခြင်း၊ ဘောလုံးပညာရပ်များပို့ချခြင်း၊ နည်းစနစ်ဆိုင်ရာ အမြင်များဖလှယ်ခြင်းတို့ကို ရင်းနှီးစွာ ဆောင်ရွက်သွားကြမည် ဖြစ်သည်။ ဂျပန်အသင်းအနေဖြင့် ဇွန် ၁၄ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ လာရောက်လည်ပတ်ကာ အဖွဲ့ချုပ်တာဝန်ရှိသူများနှင့် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းကို တွေ့ဆုံနှုတ်ဆက်မည်ဖြစ်ပြီး ဇွန် ၁၅ ရက်နှင့် ၁၆ ရက်များတွင် ဂျပန်နည်းပြ ကူမာဒါကိုင်တွယ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ပူးတွဲလေ့ကျင့်မည် ဖြစ်သည်။ ယင်းနောက် ဇွန် ၁၈ ရက်တွင် ညွန့်ပေါင်း လက်ရွေးစင်ဖွဲ့စည်းပြီး ချစ်ကြည်ရေးခြေစမ်းပွဲကစားကာ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်မည်ဖြစ်သည်။

(ဇော်မင်းအောင်)

နိုင်ငံတကာ အနုပညာရပ်ဝန်း

လင်ဆေးလိုဟန် ယာဉ်တိုက်မှုဖြစ် ဆေးရုံတင်ထားရ

ဟောလိဝုဒ် ရုပ်ရှင်လောကတွင် သတင်းဆိုးများဖြင့် နာမည်ကြီးနေပြီး ပြဿနာကို မီးထွန်းရှာတတ်သည့် မင်းသမီး လင်ဆေးလိုဟန်ကို The troubled actress(ဂြိုဟ်မွှေတဲ့မင်းသမီး) ဟု မီဒီယာများက သုံးနှုန်းရေးသားလေ့ရှိကြသည်။

ယခုတစ်ဖန် လင်ဆေးလိုဟန်ထံသို့ ဂြိုဟ်ဆိုးဝင်ရောက်လာပုံမှာ ဇွန် ၈ ရက် နံနက် ဒေသစံတော်ချိန် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လိုဟန်သည် သူ၏ အနက်ရောင် Prosche ကားလေးကို ပစိဖိတ်ကမ်းရိုးတမ်း အဝေးပြေးလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ၁၈ ဘီးကားကြီးနှင့် ဝင်တိုက်မိခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် လိုဟန်၏ ကားမှာ ပြတင်းပေါက်မှန်များ အစိတ်စိတ်အမွှာမွှာ ကွဲသွားပြီး ကားနောက်ပိုင်းဘန်ပါ ပြုတ်ထွက်သွားသည်ဟု ရေးသားဖော်ပြသည်။

အရေးပေါ်လူနာတင်ယာဉ် ခေါ်ခဲ့သော်လည်း လိုဟန်က သူ့အစီအစဉ်နှင့်သူ လေ့စ်အိန်ဂျလိစ်မြို့ ဆေးရုံတစ်ခုသို့ ရောက်ရှိသွားသည်ဟု ဆိုသည်။

လိုဟန်**(ယာပုံ)**မှာ ယခင်ကလည်း ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပြီး ဟောလိဝုဒ်ရုပ်ရှင်လောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသူဖြစ်သည်။ လိုဟန်သည် ၎င်း၏သတင်းဆိုးများဖြင့် နာမည်ကြီးနေမှုကို မင်းသမီးကြီး အယ်လီဇဘတ်တေလာ၏ အတ္ထုပ္ပတ္တိဇာတ်ကား Liz & Dick တွင် အကောင်းဆုံး ပုံစံဖြင့် ပါဝင်သရုပ်ဆောင်ပြီး နာမည်ကောင်းရရှိရန် ကြိုးစားနေစဉ် ယခုကဲ့သို့ ဖြစ်ရပ်မျိုးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် လင်ဆေးလိုဟန်၏အခြေအနေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မရှိသေးသကဲ့သို့ ယာဉ်တိုက်မှုဖြစ်စဉ်ကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ ***အင်တာနက်။***

➤ အေဝမ်းစိုး ➤

ခရီးသည်တင်မှန်လုံယာဉ် ထနောင်းပင်အား အရှိန်ပြင်းစွာ ဝင်တိုက်

မြင်းမူ ဇွန် ၉

မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာအနီး မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၅၀/၂)နှင့်(၅၀/၃)အကြား ကွေ့တွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ဇွန် ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ကားလမ်းယာဘက်ရှိ ထနောင်းပင်အား အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိသဖြင့် လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရေဦးမြို့သို့ ယာဉ်မောင်း ကိုဖြိုးမင်း အသက် (၂၈)နှစ် အောင်ဆန်းရပ်ကွက် ရေဦးမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂ခ/ . . . အောင်ရတနာမှန်လုံယာဉ်သည် ခရီးသည် ၂၁ ဦးနှင့် ကုန်ပစ္စည်းအချို့ အထက်အောက်တင်ဆောင်ကာ နံနက် ၉ နာရီတွင် မန္တလေးမြို့မှ ထွက်ခွာလာခဲ့ရာ အခင်းဖြစ်နေရာအရောက် လမ်းကွေ့ရှိ အုတ်တိုင် လေးတိုင်အား ဝင်တိုက်ပြီး လမ်းယာဘက်ရှိ ထနောင်းပင်အား အရှိန်ပြင်းစွာဝင်တိုက်မိ၍ ကားအတွင်း ဒေါ်သန်း အသက်(၆၆)နှစ် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးကျေးရွာနေသူမှာ ကားမှန်ပြတင်းပေါက်မှ လွင့်စဉ်ကျပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

ယာဉ်ပေါ်ပါလာသူအားလုံး ဒဏ်ရာအသီးသီးရရှိသဖြင့် မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက လူနာတင်ယာဉ်နှစ်စီး၊ ယသစရိယ လူမှုကူညီရေးအသင်းက လူနာတင်ယာဉ်တစ်စီးတို့ဖြင့် မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

မြင်းမူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်နှင့် တပ်ဖွဲ့ဝင် ၁၅ ဦးခန့်က လိုအပ်သည်များ လုပ်ကိုင်ပေးခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုဖြိုးမင်းအား မြင်းမူရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ) (ကိုကိုနိုင်)

ကျောက်တန်းမြို့နယ်တွင် လေပြင်းတိုက်၍ နေအိမ်များပြိုလဲ

ကျောက်တန်း ဇွန် ၉

ဇွန် ၇ ရက် ညနေက လေပြင်းတိုက်ခတ်ခြင်းကြောင့် ကျောက်တန်းမြို့နယ် မင်္ဂလွန်းနှင့် ဘိုးဘကျေးရွာအုပ်စုတို့တွင် နေအိမ်နှင့် ကွန်ကရစ်ဓာတ်တိုင်များလဲပြိုကျခဲ့ကြောင်းသိရသည်။

ဇွန် ၇ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်ခြင်းကြောင့် ဘိုးဘကျေးရွာအုပ်စု ရွှေညောင်ပင်တဲစုမှ နေအိမ်(တဲအိမ်) ခုနစ်လုံးပျက်စီးပြီး အိမ်သုံးလုံးနှင့်ဓမ္မာရုံ ပြိုကျပျက်စီးခဲ့သည်။ မင်္ဂလွန်းကျေးရွာအုပ်စုအတွင်းမှ ဝါးခနီတဲအိမ် ၁၅ လုံးမှာလည်း အမိုးလန်ပျက်စီးသွားသည်။

လေပြင်းဒဏ်ကြောင့် မင်္ဂလွန်းကျေးရွာနှင့် ခနောင်ကျေးရွာအကြား ညောင်ကားရားကွင်းအတွင်းရှိ ကွန်ကရစ်ဓာတ်တိုင်ရှစ်တိုင် လဲကျ၍ ကျေးရွာများ လျှပ်စစ်မီးပြတ်တောက် သွားခဲ့ကြောင်း သိရသည်။

(၇၄)

ညောင်ဦးမြို့နယ်အတွင်း လေပြင်းမုန်တိုင်းတိုက်၊ မိုးကြိုးပစ် တစ်ဦးသေ

ညောင်ဦး ဇွန် ၉

ညောင်ဦးမြို့နယ်တွင် ဇွန် ၄ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ရာ မြို့ပေါ်ရပ်ကွက်များရှိ အိမ်အချို့ သစ်ကိုင်းများပိ၍ ပျက်စီးမှုများရှိခဲ့သည်။ ညောင်ဦးမြို့နယ် လက်ထုပ်ကျေးရွာတွင် ယင်းနေ့ နံနက် ၈ နာရီခန့်က မိုးရွာသွန်းစဉ် ဦးနောက်တိုး-ဒေါ်ရွှေသီနှင့် သားဖြစ်သူ မောင်ဇော်ဝင်းမင်းတို့သည် အိမ်တံစက်မြိတ်ကြောင်းအတွင်း ရေချိုးနေစဉ် မိုးကြိုးပစ်ခံခဲ့ရသည်။

မိုးကြိုးထိမှန်မှုကြောင့် ဒေါ်ရွှေသီ အသက်(၅၇)နှစ်သည် နေရာတွင်ပင် သေဆုံးခဲ့သည်။ ဦးနောက်တိုးမှာ ထိခိုက်ဒဏ်ရာ မရသော်လည်း မောင်ဇော်ဝင်းမင်း အသက်(၂၀)မှာ မိုးကြိုးဒဏ်ရာ ပြင်းထန်၍ ပခုက္ကူပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရကြောင်း သိရသည်။

(၁၆၉)

သားမောင်းသည့် ဆိုင်ကယ်ပေါ်မှ မိခင် ပြုတ်ကျသေဆုံး

မြောင်းမြ ဇွန် ၉

ဇွန် ၃ ရက် ည ၇ နာရီခွဲခန့်တွင် မြောင်းမြမြို့ အမှတ်(၉)ရပ်ကွက် ဂေါ်ဖီခြံ (၄)လမ်းနေ ဖိုးလပြည့်(ခ)ကြည်စိုး (၂၅)နှစ် (သံဂဟေဆက်လုပ်ငန်း)သည် မိခင် ဒေါ်စန်းကြည် (၅၈)နှစ်အား မဟာစည် (၄)လမ်း အမှတ်(၃)ရပ်ကွက် မဂ္ဂလမ်း နေအိမ်သို့ ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်စဉ် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့အရောက် မိခင်ဖြစ်သူသည် ဆိုင်ကယ်နောက်မှ ပြုတ်ကျကာ နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။ ယင်းအမှုကို ရဲအုပ်လှထွန်း(မြောင်းမြခရိုင်ယာဉ်ထိန်း)၏ တိုင်တန်းချက်အရ ဖိုးလပြည့်(ခ) ကြည်စိုးအား မြောင်းမြရဲစခန်းက (ပ)၁၅၃/၂၀၁၂ ပုဒ်မ ၃၀၄-က ဖြင့် အရေးယူထားကြောင်း သိရသည်။

(၅၅၂)

ကွမ်းယာဆိုင်သို့ ရေနွေးသောက်သွားတဲ့ ညစောင့် ပေါင်တစ်ဖက် မိုးကြိုးပစ်ခံရ

မအူပင် ဇွန် ၉

မအူပင်မြို့ တလုတ်လတ် အနောက်ကျေးရွာ မြို့ရှောင်လမ်း ခရိုင်လဝကရုံး ညစောင့် ဦးစိန်ဝင်း ၅၃နှစ်(ဘ) ဦးထွန်းသည် ဇွန် ၈ ရက် ညနေက မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ရေနွေးကြမ်းသောက်ရန် ကွမ်းယာဆိုင်သို့အသွား မိုးကြိုးပစ်ခံလိုက်ရသဖြင့် ယာပေါင်တစ်ဖက် ညိုမည်းဖူးရောင် ဒဏ်ရာရရှိသွားပြီး မအူပင်ဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း သိရသည်။

(၅၅၂)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၀) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းကို အသုံးပြုသင်ကြားပေး

နှလုံးလှသည့်စိတ်ထားကောင်းမွန်သူများဖြစ်အောင် မိမိကိုယ်တိုင်ရော တပည့်များကိုပါ ကျင့်ကြံလေ့ကျင့်

နေပြည်တော် ဇွန် ၉

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးနှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၃ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ ပညာရေးတွင်လည်း အခြေခံပညာရေးကဏ္ဍသည် ပိုမို အဓိကကျကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာ အဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများက လည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတကာအဆင့်မီ ဆရာ ဆရာမများဖြစ်အောင်၊ ဆရာ ဆရာမတို့၏သင်ကြားမှု အရည်အသွေး မြင့်မားအောင် မိမိကိုယ်တိုင်ကလည်း အပတ်တကုတ် ဆည်းပူးလေ့လာ အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းကို အသုံးပြု သင်ကြားခြင်းအားဖြင့် ကလေးများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားလာမည်ဖြစ်ခြင်းကြောင့် ကလေး ဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းကို အသုံးပြုပြီး သင်ကြားပေးကြပါဟု မှာကြားလိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာမှုကို ဆန်းစစ်ကြည့်ပါက ဖွံ့ဖြိုးတိုးတက်လာမှုအလုံးစုံ၏ ရင်းမြစ်သည် ပညာဖြစ်ကြောင်း၊ အသိပညာကို ဆောင်ကြဉ်းပေးနိုင်သော ဝိဇ္ဇာပညာရပ်ကိုဖြစ်စေ၊ အတတ်ပညာ ရပ်ကို ဆောင်ကြဉ်းပေးနိုင်သော သိပ္ပံ ပညာရပ်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှု အလုံးစုံမှာ အပြန်အလှန် အမှီသဟဲပြုနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဝိဇ္ဇာပညာရပ်ကို ဖြစ်စေ၊ သိပ္ပံပညာရပ်ကိုဖြစ်စေ ကျောင်း သင်ခန်းစာမှသည် ဘဝအတွက် ထဲထဲဝင်ဝင် အရေးပါသောသင်ခန်းစာများ ဖြစ်သွားသည်အထိ သင်ကြားပေးကြပါဟု မှာကြားလိုကြောင်း၊ ယနေ့လိုအပ်နေသည့် လူ့စွမ်းအားရင်းမြစ်တွင် ပညာနှင့်ယှဉ်တွဲပြီး ရှင်သန်နေရမှာက နှလုံးလှရန်ပင် ဖြစ်ကြောင်း၊ နှလုံးလှသည့် စိတ်ထား ကောင်းမွန်သူများဖြစ်အောင် မိမိကိုယ်တိုင်ရော မိမိသင်ကြားပို့ချပေးနေရသူ တပည့်များကိုပါ ကျင့်ကြံလေ့ကျင့် ပေးနေရမည်ဖြစ်ကြောင်း၊ နှလုံးလှရန် ပုံလောင်းပေးကြရာတွင် စိတ်ဓာတ်ကို ခွန်အားဖြစ်စေသော၊ အတွေးအမြင်ကို ကျယ်ပြန့်စေသော၊ စာရိတ္တကို စင်ကြယ်စေသော၊ ကိုယ်ကျင့်တရားကို ဖြောင့်မတ်စေသော လောကနီတိနှင့် ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများကို (Second Nature) အလေ့အထဖြစ်သွားသည် အထိ လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ အခြေခံပညာကျောင်း အလိုက် ပညာသင်နှစ်တစ်လျှောက်လုံး ကျောင်းပျက်ကွက် လျော့နည်းမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျောင်းနေရန် အခက်အခဲရှိသည့်ကလေးများ၊ ကျောင်းပျက်သည့် ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊ မိဘများအား ဆွေးနွေးခြင်းဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေမြဲရေးနှင့် သင်ယူမှုပြီးမြောက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်ကိုလည်း မှာကြားလိုကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခမဲ့မသင်မနေရ မူလတန်း ပညာရေးကိုအကောင်အထည်ပေါ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့သားကောင်းများဖြစ်ရန်နှင့် တက္ကသိုလ်ပညာများ ဆက်လက်သင်ယူနိုင်သည့် အရည်အသွေးရရှိရန်တို့အတွက် အခြေခံပညာ သင်ရိုးဝင်နှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို အခြေခံပညာ အဆင့်အလိုက် ရက်သတ္တပတ် သင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့ ရေဘေးကာကွယ်ရေးအတွက် ဇော်ဂျီရေထိန်းဆည်အား ပြုပြင်ဆောင်ရွက်

ကျောက်ဆည် ဇွန် ၉

ဇော်ဂျီမြစ်သည် ရှမ်းပြည်နယ်မှ မြစ်ဖျားခံပြီး ကျောက်ဆည်မြို့ကိုဖြတ်ကာ မြစ်ငယ်မြစ်အတွင်းသို့ စီးဆင်းသွားသည်။ ၂၀၀၃ ခုနှစ်က ကျောက်ဆည်မြို့ သောက်သုံးရေပေးဝေရေးနှင့် သာယာလှပရေးအတွက် ဇော်ဂျီရေထိန်းဆည် အား တည်ဆောက်ခဲ့သည်။ **(ယာပုံ)**

ဇော်ဂျီမြစ်သည် နှစ်ပေါင်းများစွာ ကြာလာသည်နှင့်အမျှ မြစ်ကြောင်း တစ်လျှောက် သဲနုန်းများတင်လာခြင်း၊ မြစ်ကြောင်း ကျဉ်းမြောင်းလာခြင်း၊ တိမ်ကောလာခြင်း၊ သဲသောင်ခုံများ ရှိလာခြင်း စသည့်အချက်များကြောင့် ရေစီးရေလာမှန်ကန်ခြင်း မရှိသည့် အတွက် ဇော်ဂျီမြစ်ရေကြီးပြီး ကြက်မင်းတွန်တာပေါင်နှင့် တံတားလည်တာပေါင် ကျိုးပေါက်ခြင်းများဖြစ်ပေါ်ကာ ၂၀၁၁ ခုနှစ်အတွင်းက ရေလွှမ်းမိုးခြင်း နှစ်ကြိမ် ခံခဲ့ရသည်။

ကျောက်ဆည်မြို့နယ်အတွင်း ဇော်ဂျီမြစ်ရေကြီး ရေလွှမ်းမိုးမှု ကြိုတင်ကာကွယ်ရန်အတွက် ကျောက်ဆည် ဆည်မြောင်း ဦးစီးဌာနက နောင်ခမ်းမြေသားတာပေါင် အရေးပေါ် ရေထုတ်ပေါက်မှ ရေပိုလွှဲအား ၂၀၁၂ ခုနှစ် ဧပြီလတွင် အပြီးပြုပြင် တည်ဆောက်ခဲ့ခြင်း၊ ဇော်ဂျီရေထိန်းဆည်အထက်ပိုင်း သဲနုန်းပို့ချမှုအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ ဇီးတောဆည် ပေ ၅၅၀၀ အထိ သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊ ဇော်ဂျီရေထိန်း ဆည်အောက်ပိုင်းရှိ ကျဉ်းမြောင်းသော မြစ်ကြောင်းအား မြေတူးစက် အစီး ၄၀၊ မြေထိုးစက်ငါးစီးတို့ဖြင့် မိုင်ပေါင်း ၂၁ မိုင် အထိ မြစ်ကြောင်းအတွင်းရှိ သဲသောင် များရှင်းလင်းခြင်း၊ မြစ်ကြောင်းချဲ့ထွင်ခြင်း၊ ကမ်းပါးယံမြှင့်တင်ခြင်းများကို ဆောင်ရွက် ခဲ့သည်။ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ အလျား ၁၃၄ ပေ၊ အမြင့်ပေ ၂၀၊ အကျယ် ရှစ်ပေလေးပေါက်ရှိ ဇော်ဂျီရေထိန်းဆည်အား သဲထုတ်တံခါး၏ ဝဲ၊ ယာတွင် ဟိုက်ဒရောလစ်ရှပ်တာများ ပြုပြင်တပ်ဆင်ထားနေပြီဖြစ်၍ ကျောက်ဆည်မြို့ကို ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၁၁)



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပေါ်လို စကာဒူရာ ကာဘရယ်လ် ပေါတက်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	“ကြိုဆိုလျက်ပါ”
၈း၄၀	International News
၁၁း၃၅	**နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာစွမ်းအား” (အပိုင်း-၁၂)**
၁၂း၃၅	“ဖန်တီးမှုရဲ့လျှို့ဝှက်ချက်”
၁း၅၀	မြန်မာရုပ်ရှင် “အကြင်တို့လင်မယား” (သုမောင်၊ မေခလာ) (ဒါရိုက်တာ-သာခု)
၄း၃၀	“နိုင်ငံတကာနျူကလီးယား စွမ်းအင်များ”
၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရွှေဝေအထူးပြု) (ရှမဝေ)
၆း၂၀	ကာတွန်းအစီအစဉ်
	“ရေငုပ်သမားလေးအိုလီ” (အပိုင်း-၄၃)
၆း၄၀	တစ်မျက်နှာ တစ်ကွက်စာ “အဘိုးအိုနှင့်မြေဆေးတံ” (အကယ်ဒမီအောင်လွင်၊ ကောင်းမိုးယံ၊ပြည့်ဖြိုး၊ ဒေါ်လွင်လွင်မြင့်) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများတဲ့အချစ်” (အပိုင်း-၆)**
၈း၀၀	ပြည်တွင်းသတင်း -ကာတွန်းအစီအစဉ် “ဒိုင်နိုဆောကမ္ဘာ” (ပျော်ဒိုင်နိုဆောအစာလုပွဲ) **-နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာသစ္စာ” (အပိုင်း-၁၂)**

ရန်ကင်းမြို့နယ်စာရေးဆရာအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် ဇွန် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ဦးဆောင်မှုဖြင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ရန်ကင်းမြို့နယ်) ၏ ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီခွဲက ရန်ကင်းမြို့နယ် ကလေးဆေးရုံအနီးစာရေးဆရာအသင်းရုံးနှင့် စာကြည့်တိုက်မြေနေရာ၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် စာရေးဆရာ ဦးမြထွေး(မင်းလှမြတ်ထွေး)က မြို့နယ်အသင်းအတွက် ပဒေသာပင်အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးလှတိုး(တိုးထက်)က လက်ခံရယူပြီး နာယကကြီးများနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြား၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရန်ကင်းမြို့နယ် စာရေးဆရာအသင်းမှ ထုတ်ဝေမည့် ရန်ကင်းမဂ္ဂဇင်းကိုလည်း ဇူလိုင်လအတွင်းထွက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ (ကြေးမုံ)

ကြေးမုံသတင်းစာသို့ စိတ်ဝင်စားဖွယ် သတင်း၊ ဓာတ်ပုံများနှင့် အကြံပြုစာများပေးပို့နိုင်

နေပြည်တော် ဇွန် ၉

ကြေးမုံသတင်းစာကို ပြည်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ယခုအခါ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ မြို့နယ်သတင်းထောက်များ၊ စာပေဝါသနာရှင်များ၊ သတင်းစိတ်ဝင်စားသူများသည် မိမိတို့မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော သတင်းဦး၊ သတင်းထူး၊ စိတ်ဝင်စားဖွယ်သတင်းနှင့် ဓာတ်ပုံများကို အချက်အလက်အထောက်အထားမှန်ဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာရေးသား၍ ပေးပို့နိုင်သည့်အပြင် သတင်းစာဖတ်ပရိသတ်များအနေဖြင့်လည်း ဝေဖန်အကြံပြုစာများကို ကြေးမုံသတင်းစာတိုက် နေပြည်တော်သို့ အီးမေးလ်လိပ်စာ themirror.npt@gmail.com နှင့် ဖက်စ်ဖုန်း-၀၆၇-၃၆၁၃၁ တို့ဖြင့် ပေးပို့နိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဥ တု ရာ သီ တော ကို မှီ ၏

*ရှေ့ဖုံးမှ

သို့သော်လည်းပဲ ထိုသို့ ရေဘေး အန္တရာယ်ကျရောက်သည်နှင့် ကနဦး အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြခြင်းကြောင့် ရေဘေးဒုက္ခသည်များ အထိုက်အလျောက် သက်သာမှုရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ဆက်လက်ပြီး အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲများ၏ ပံ့ပိုးကူညီထောက်ပံ့၊ လမ်းညွှန်မှုများနှင့်အတူ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်အသီးသီးတို့၏ ဝိုင်းဝန်းကူညီထောက်ပံ့မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီ အနီးကပ်ကြပ်မတ်ဆောင်ရွက်မှုတို့ကြောင့် ယခုဆိုလျှင် အချိန်တိုအတွင်း ပုံမှန်အနေအထားသို့ အနီးစပ်ဆုံးပြန်လည်ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

ထို့အတူ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတား၊ ဆည်မြောင်း၊ တာတမံစသော အခြေခံအဆောက်အအုံများကိုလည်း ပြုပြင်ပြီး၊ ပြုပြင်ဆဲဖြစ်ပါကြောင်း။

ပခုက္ကူဒေသနေပြည်သူများ သွားလာရေးအဆင်ပြေကြစေရန် ရွှေချောင်းတံတားဟောင်းကို သံပေါင်ဘေလီအစားထိုးပြုပြင်နေစဉ်ကာလမှာ ရွှေချောင်းအတွင်း လမ်းလွှဲနေရာများဖောက်လုပ်ပြီး ဆက်သွယ်ရေးမပြတ်တောက်ရလေအောင် ဆောင်ရွက်ပေးခဲ့သကဲ့သို့ ယာယီဘေလီတံတားကိုလည်း အမြန်ဆုံးတည်ဆောက်ပေးခဲ့မှုကြောင့် ရေဘေးဒဏ်ခံရပြီး မကြာခင်ကာလအတွင်းမှာပင် ယာဉ်များ ပြန်လည်သွားလာနိုင်ခဲ့ကြပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် အရှည်ပေ ၉၀၀ ရှိ ရွှေချောင်းတံတားအမှတ်(၁)ကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး နေ့မအားညမနား မြန်မာ့ဆောက်လုပ်ရေး အင်ဂျင်နီယာများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ငါးလအတွင်း မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဤရွှေချောင်းတံတားသည် ပခုက္ကူမြို့၏ မြောက်ဘက်ခြမ်းတွင်ရှိသော ဌာနဆိုင်ရာ ရုံးများ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်နှင့် မြို့တွင်းရှိ ကျောင်း၊ ဆေးရုံ၊ ဈေးတို့ကို ဆက်သွယ်ပေးထားသော မရှိမဖြစ် တံတားတစ်စင်းဖြစ်ခြင်းကြောင့် အလေးထားဆောင်ရွက်ပေးခဲ့ရခြင်းပင် ဖြစ်ပါကြောင်း၊ထို့ပြင် ဤတံတားသည် ပခုက္ကူမြို့မှတစ်ဆင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောနယ်၊ ဂန့်ဂေါနယ်၊ ချင်းပြည်နယ်ရှိ မင်းတပ်၊ မတူပီနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေး၊ တမူးမြို့များအထိ ဒေသတစ်ခုလုံး ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူစေသည့် အကျိုးကျေးဇူးများ ပြန်လည်ရရှိနိုင်အောင် အလျင်အမြန် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပခုက္ကူမြို့၌ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သော (ပခုက္ကူ) ဧရာဝတီတံတားကိုလည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုတံတားသည် ရထားလမ်းအရှည် ၃ ဒသမ ၉ မိုင်ရှိပြီး ကားလမ်းအရှည် ၂ ဒသမ ၅၆ မိုင်ရှိပါကြောင်း။

ယင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် အလေးထားဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သော ရွှေချောင်းတံတား အမှတ်(၁)သည် ပခုက္ကူမြို့နှင့် ပုသိမ်-မုံရွာလမ်းဆက်စပ်သွားလာနိုင်သော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၊ မြိုင်မြို့နယ်တို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအထိ အလျင်အမြန် သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများလည်း စိတ်ချမ်းမြေ့ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးပံ့ပိုးပေးနေသည့် ရွှေချောင်းတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသကဲ့သို့ ဒေသခံပြည်သူအပေါင်းကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

အချုပ်အားဖြင့် ပြည်သူအများ၊ နိုင်ငံတော်နှင့်အတူ မပြီးပြတ်သေးသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်အောင် အသိတရား၊ သတိတရား၊ အမြဲထားကြရန် မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် လုပ်ရပ်မျိုးကိုရှောင်ကြဉ်ရန်နှင့် တိုးတက်လာသောအခြေအနေကောင်းများ ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ပေးသွားကြပါဟု အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ရွှေချောင်းတံတားအမှတ်(၁)သည် ပခုက္ကူ-မုံရွာလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည့် သံကူကွန်ကရစ်တံတားကြီးဖြစ်ပါကြောင်း၊ ယခင် ရွှေချောင်းတံတားဟောင်းမှာ ၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး အရှည် ၈၆၈ ပေရှိကာ ၁၉၇၀ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယင်းတံတားဟောင်းမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ထူးကဲတောင်ကျရေတိုက်စား၍ ကျိုးကျပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရပါကြောင်း၊ ၂၅-၁၀-၂၀၁၁ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်လာရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်သွားလာမှု အခက်အခဲမဖြစ်စေရန် ယာယီဘေလီ တံတားတစ်စင်းအမြန်ဆုံး တည်ဆောက်ပေးရန် လမ်းညွှန်ချက်အရ ယာယီဘေလီတံတားတစ်စင်းကို အမြန်ဆုံးတည်ဆောက်ပေးခဲ့ရာ ၁၃-၁၁-၂၀၁၁ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊

၂၃-၁၂-၂၀၁၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက ရွှေချောင်းယာယီဘေလီတံတားအား ဒုတိယအကြိမ် ကြည့်ရှုစစ်ဆေးပြီး တံတားအသစ်တစ်စင်း တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ဤရွှေချောင်းတံတား အမှတ်(၁) သည် ပခုက္ကူမြို့တွင်း ဖြတ်သန်းစီးဆင်းသော ရွှေချောင်းပေါ်တွင် တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်ပြီး ပခုက္ကူမြို့မှတစ်ဆင့် ယောနယ်၊ ဂန့်ဂေါနယ်၊ မင်းတပ်၊ မတူပီနှင့် ကလေး၊ တမူးမြို့များအထိ ဒေသတစ်ခွင် ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူလာမည်ဖြစ်ပါကြောင်း။

တံတားတစ်စင်းလုံးကို တည်ဆောက်ချိန် ငါးလနှင့် နှစ်ရက်ဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပြီး အိုတူးဘီမုန်တိုင်းမိုးကြောင့် ဘေးဒုက္ခ ရောက်ခဲ့ရသော ပခုက္ကူဒေသခံပြည်သူများအတွက် နိုင်ငံတော်၏ လက်ဆောင်မွန်ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ပေ ၁၈၀နှင့်အထက် တံတားကြီးများအနေဖြင့် ဧရာဝတီတံတား(မလွန်)၊ လွှာချောင်းတံတား၊ မင်းတုန်းတံတား၊ ဝက်ခုတ်တံတားတို့အား တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး ပင်းချောင်းတံတား၊ ဆားဗွက်ချောင်းတံတား၊ နွယ်တမယ်တံတား(တိုးချဲ့)၊ စွန်ချောင်းတံတား၊ ဆင်ဇာချောင်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည် ဖြစ်သကဲ့သို့ ပခုက္ကူမြို့ရှောင်လမ်းမကြီးကိုလည်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဤမြို့ရှောင်လမ်းမကြီးပေါ်ရှိ ရွှေချောင်းတံတားအမှတ်(၂)ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် လမ်းတံတားအသုံးပြုနေကြသော ကုန်တင်ယာဉ်ကြီးများသည် တစ်နေ့တခြားများပြားစွာ ဖြတ်သန်းသွားလာနေကြသည့်အတွက် လမ်းများပျက်စီးလွယ်ခြင်း၊ တံတားများ ခံနိုင်ဝန်ကျဆင်းလာခြင်း စသည့် အကြောင်းများကြောင့် လမ်းခရီးလုံခြုံချောမွေ့မှုနှင့် ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာစေနိုင်ပါကြောင်း၊ လမ်းတံတားများ ရေရှည်အသုံးပြုနိုင်အောင် လမ်းဆိုရင်လည်း လမ်းအလိုက်၊ တံတားဆိုရင်လည်း တံတားအလိုက်၊ ယာဉ်ဆိုရင်လည်း ယာဉ်အလိုက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုသွားရန် လိုအပ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဤနယ်မြေအတွက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်လုံခြုံတည်ငြိမ်အေးချမ်းရေးတို့အတွက် အကျိုးပြုမည့်လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးခဲ့သကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိပိုင်လမ်း၊ မိမိပိုင်တံတားလို သဘောထားပြီး မပျက်မစီးစေဘဲ ရေရှည်အသုံးပြုသွားနိုင်အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြပါ။ ထို့အပြင် စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့်အတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်း မောင်းနှင်အသုံးပြုပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်း အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ရွှေချောင်းတံတားသည် ပခုက္ကူမြို့မြောက်ဘက်ခြမ်းရှိ ဌာနဆိုင်ရာရုံးများ၊ စက်ရုံ/အလုပ်ရုံ၊ စက်မှုဇုန်နှင့် ပခုက္ကူမြို့တွင်းကျောင်း၊ ဆေးရုံ၊ ဈေးတို့ကို ဆက်သွယ်ပေးထားသကဲ့သို့ ရေစကြိုချောင်းဦး၊ မုံရွာ၊ မန္တလေးမြို့များကို အဓိကထွက်ပေါက်ဖြစ်သည့် အရေးပါသော တံတားတစ်စင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်သောစေတနာဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ ရွှေချောင်းတံတားအမှတ်(၁)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော သူရဦးမြင့်မောင်၊ ဦးစိုးမောင်၊ ဦးခင်မောင်မြင့်၊ ဦးဇော်မင်း၊ ဦးသိန်းထွန်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ရွှေချောင်းတံတား အမှတ်(၁)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပခုက္ကူမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတားအမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မိတ္ထီလာ ကုက္ကိုကုန်းကျေးရွာတွင် ငရုတ်သီးနှံများ ဖြစ်ထွန်းအောင်မြင်

မိတ္ထီလာ ဇွန် ၉

မိတ္ထီလာမြို့ ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်း ကျေးရွာတွင် ငရုတ်သီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ငရုတ်ခူးဆွတ်ရောင်းချချိန်တွင် ဈေးကောင်းရရန်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ငရုတ်စိုက်တောင်သူတွေ တော်တော်ဖြစ်ကြပါတယ်။ ငရုတ်အောင်မြင်သလောက် မနှစ်ကလို ဈေးကောင်းရရင်ပိုကောင်းမယ်။ မနှစ်က ငရုတ် တစ်ပိဿာ ငွေကျပ်၂၀၀၀ ကနေ ငွေကျပ် ၃၀၀၀ အထိ ဈေးရှိတယ်။ ကုက္ကိုကုန်းကျေးရွာနဲ့ အနီးတစ်ဝိုက်က ကျောက်ကာ၊ တောင်းကောက်၊ သပြေပင်၊ ညောင်အိုင့်၊ အုတ်နဲ့ဘုတ် စတဲ့ ကျေးရွာတွေမှာလည်း ငရုတ်ကို ဒီနှစ် အားထားစိုက်ပျိုးထားကြတာ။အားလုံးလိုလို စိုက်ပျိုးအောင်မြင်တယ်လို့ ပြောနိုင်တယ်"ဟု ကုက္ကိုကုန်းကျေးရွာမှ ငရုတ်စိုက် တောင်သူတစ်ဦးက ပြောကြားသည်။ အဆိုပါ ကျေးရွာများတွင် မိသားစုငရုတ်၊ ကျောက်စိမ်းငရုတ်များကို စိုက်ပျိုးကြပြီး ပိုမိုရက်ရှည်သိမ်းဆည်းထားနိုင်သည့် ကျောက်စိမ်းငရုတ်ကို အဓိကထား စိုက်ပျိုးကြောင်း သိရသည်။ (၅၇၉)

သက်ရှိလောက

သဘာဝတောတွေ

နိုင်အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြပါ။ ထို့အပြင် စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့်အတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်း မောင်းနှင်အသုံးပြုပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်း အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ရွှေချောင်းတံတားသည် ပခုက္ကူမြို့မြောက်ဘက်ခြမ်းရှိ ဌာနဆိုင်ရာရုံးများ၊ စက်ရုံ/အလုပ်ရုံ၊ စက်မှုဇုန်နှင့် ပခုက္ကူမြို့တွင်းကျောင်း၊ ဆေးရုံ၊ ဈေးတို့ကို ဆက်သွယ်ပေးထားသကဲ့သို့ ရေစကြိုချောင်းဦး၊ မုံရွာ၊ မန္တလေးမြို့များကို အဓိကထွက်ပေါက်ဖြစ်သည့် အရေးပါသော တံတားတစ်စင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်သောစေတနာဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေချောင်းတံတားအမှတ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပေးနေသည့်အချိန်ကာလတွင် ယခင်က သွားလာမှုကန့်သတ်ချက်များကြောင့် ဖွံ့ဖြိုးမှုကျန်ရစ်နေခဲ့ရသော ဧရာဝတီအနောက်ခြမ်းဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကဏ္ဍတစ်ရပ်အဖြစ် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ ရွှေချောင်းတံတားအမှတ်(၁)ကို တည်ဆောက်ဖွင့်လှစ်ပေးလိုက်ခြင်းအတွက် မကွေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသော စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်းနှင့် လွယ်ကူလျင်မြန်လုံခြုံစွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပခုက္ကူမြို့မှ ဦးစောဟန်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပရာ တံတားမုခ်ဦးထိပ်သို့ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော သူရဦးမြင့်မောင်၊ ဦးစိုးမောင်၊ ဦးခင်မောင်မြင့်၊ ဦးဇော်မင်း၊ ဦးသိန်းထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ရွှေချောင်းတံတား အမှတ်(၁)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တံတားမုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်ပြီး ရွှေချောင်းတံတားအမှတ်(၁)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ရွှေချောင်းတံတား အမှတ်(၁)သည် ဘိုးပိုင်အုတ်မြစ်တံတားတိုင်နှင့် ကြမ်းခင်းတို့မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရက်မများကို ကြိုတင်အားဖြည့်ကွန်ကရစ်တို့ဖြင့် အခိုင်အမာ တည်ဆောက်ထားသည်။

တံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေ ခြောက်လက်မစီရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၇၅ တန်ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၇၂ ပေနှင့် ရေလမ်းကင်းလွတ်အမြင့်မှာ ကိုးပေကိုးလက်မဖြစ်သည်။

အဆိုပါ ရွှေချောင်းတံတားအမှတ်(၁)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်ခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ပေ ၁၈၀ နှင့် အထက် ၁၅ စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သော တံတားဖြစ်ကာ မကွေးတိုင်းဒေသကြီးအတွင်း (၄)စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

...ကြိုးဖြတ်ဖွင့်လှစ်

...များဖြစ်ကြသော သူရဦးမြင့်မောင်၊ ဦးစိုးမောင်၊ ...း၊ ဦးသိန်းထွန်းနှင့် မကွေးတိုင်းဒေသကြီး ...ကို ရွှေချောင်းတံတား အမှတ်(၁)ကို ဖဲကြိုးဖြတ် (သတင်းစဉ်)



မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ၆ ဒသမ ၅၇ လက်မ၊ မုဒုံမြို့တွင် ၅ ဒသမ ၁၆ လက်မ၊ လောင်းလုံမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၄၈ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၁၃ လက်မနှင့် ဘားအံမြို့တွင် ၄ ဒသမ ၀၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မုတ်သုံလေအားကောင်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့)

၉း၃၀	မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲ
၉း၄၀	ရန်ကုန်မြင်ကွင်းကျယ် (KMD Graduation Ceremony)
၉း၅၅	ခေတ်သစ်ပျိုမေ
၁၁း၂၅	Golden Minute
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love" (အချစ်သင်္ကေတ) (အပိုင်း-၁၂)
၃း၂၅	Fashion Week(Inspire) (Part-1)
၅း၂၀	မလေးရှားနိုင်ငံမှ Mahkota Medical Center
၇း၃၀	သွားမယ်စားမယ် (Kennox Cafe & Restaurant)
၁၀း၃၀	**World of Knowledge (Speed Nation)**
၂း၀၀	Treasure From The Earth (အပိုင်း-၂)

နေပြည်တော်၌ ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၉

နေပြည်တော်ရဲတပ်ဖွဲ့ ၂၀၁၂ ခုနှစ် တိုင်းအဆင့် စံပြရဲနှင့် ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းအဆင့်စံပြရဲနှင့် ရေးဖြေစာမေးပွဲတွင် အရာရှိ ၂၀ ဦး၊ အခြားအဆင့် ၄၂ ဦးနှင့် တိုင်းအဆင့် ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲတွင် အရာရှိ ၃၂ ဦး၊ အခြားအဆင့် ၆၅ ဦး စုစုပေါင်း ၉၇ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ရေးဖြေစာမေးပွဲသို့ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။(ကြေးမုံ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၁၂ ခုနှစ် တိုင်းအဆင့် စံပြရဲနှင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီကနေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

ပျဉ်းမနား ဇွန် ၉

နေပြည်တော် ကောင်စီနယ်မြေအတွင်း ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို စနစ် တကျလိုက်နာစေရန်၊ ယာဉ်မတော်တဆ ထိခိုက်မှုများ၊ ဒဏ်ရာရသေဆုံးမှုများ လျော့နည်းပပျောက်စေရေးအတွက် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့(၁)မှ တပ်ကြပ်ကြီး သန်းအောင်ထွန်းဦးဆောင်သော စစ်ဆေးရေးအဖွဲ့ဝင်များသည် ဇွန် ၅ရက်က ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်းရှိ၊ မရှိ ရှောင်တခင်စစ်ဆေးဆောင်ရွက်၍ စည်းကမ်းမလိုက်နာသော ယာဉ်မောင်းများကို ပညာပေးခြင်း၊ အရေးယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၆၈၈)

...က္ကိုကုန်းကျေးရွာတွင် ...း ဖြစ်ထွန်းအောင်မြင်

ငရုတ်များကို စိုက်ပျိုးကြပြီး ပိုမိုရက်ရှည် သိမ်းဆည်းထားနိုင်သည့် ကျောက်စိမ်းငရုတ်ကို အဓိကထား စိုက်ပျိုးကြောင်း သိရသည်။ (၅၇၉)

ရေထွက်ပစ္စည်းစက်ရုံများ ညပိုင်းလျှပ်စစ်မီးပြန်ရ၍ ပြန်လည်အဆင်ပြေ

ရန်ကုန် ဇွန် ၉

ယခုအခါ ရေထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများတွင် ညပိုင်း၌ လျှပ်စစ်မီးများ ပြန်လည်ရရှိလာခြင်းကြောင့် လုပ်ငန်းများ ပြန်လည်အဆင်ပြေလာကြောင်း ရေထွက်ပစ္စည်းစက်ရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ ရေထွက်ပစ္စည်းစက်ရုံများတွင် ဧပြီ ၂ ရက်မှစ၍ တစ်ရက်လျှင် ၅ နာရီခန့်သာ လျှပ်စစ်မီး ရရှိခဲ့ရာမှ မေ ၁၉ ရက်မှစ၍ လုံးဝမရကြတော့ဘဲ ဇွန် ၂ ရက်တွင် တစ်ရက်လျှင် ၅ နာရီခန့် ပြန်လည်ရရှိလာခဲ့ခြင်း ဖြစ်သည်။ "၂၄ နာရီစလုံး လုံးဝမရတာထက်စာရင် အခုလို ပြန်ရလာတော့ အဆင်ပြေတာပေါ့၊ ကျေးဇူးလည်းတင်ပါတယ်၊ လုပ်ငန်းအဆင်ပြေတာမဟုတ်သေးပေမယ့် အရင်ကထက်တော့ တော်သေးတာပေါ့"ဟု ၎င်းက ဆိုခဲ့ပါသည်။

စက်ရုံ၏နေရာဒေသ တည်ရှိသည့်မြို့နယ်ပေါ်မူတည်၍ လျှပ်စစ်မီးရရှိချိန်မှာ စက်ရုံနေရာတစ်ခုနှင့်တစ်ခု အနည်းငယ်ကွာခြားပြီး ည ၁၁ နာရီမှ ၁၂ နာရီကြားတွင် လျှပ်စစ်မီးရရှိခြင်းဖြစ်သလို နံနက် ၅ နာရီမှ ၆ နာရီအတွင်းတွင် ပြန်လည်ဖြတ်တောက်ခဲ့ကြောင်း သိရသည်။ လျှပ်စစ်မီးရရှိနေချိန်တွင် စက်ရုံများတွင် ယခင်က လျှပ်စစ်မီးအတွက် အသုံးပြုမောင်းနှင်ရသော ဂျင်နရေတာစက်များ၏ ကြံ့ခိုင်မှုကို ပြုပြင်ထိန်းသိမ်းရန် အချိန်များရရှိလာခဲ့သည်။ ရေထွက်ပစ္စည်းစက်ရုံများတွင် အအေးခန်းမှာလည်း အရေးပါပြီး ၂၄ နာရီစလုံး လျှပ်စစ်ဖြင့် အေးခဲထားရသည့် ကုန်ပစ္စည်းများကို လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ဂျင်နရေတာစက်ကြီးများ မောင်းနှင်၍ ကုန်ပစ္စည်းများ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းလုပ်ဆောင်ရခြင်း ဖြစ်ကြောင်း သိရသည်။ (၆၈၀)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း သင်တန်းသားအသစ်ရွေးချယ်

ရန်ကုန် ဇွန် ၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းသားသစ် ရွေးချယ်ရေး အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးက အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် ပတ်သက်၍ သုံးသပ်တင်ပြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က အားကစားနည်းအလိုက် ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူ အသစ်များအား လူတွေ့စစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်အား/ကာ အရာရှိများ၊ မြို့နယ်အား/ကာမှ အရာရှိများနှင့် တွေ့ဆုံကာ အား/ကာသိပ္ပံ(ရန်ကုန်)အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံများမှ အားကစားသမားများ ရှာဖွေရေးနှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာရှလူငယ်နှင့် အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲ ကျင်းပရေးဆွေးနွေး

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဇွန် ၅ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲ (Asian Youth & Junior Weightlifting Championships 2012)ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လည်းကောင်း၊ ပြိုင်ပွဲအတွက် Sponsor များ ရရှိရေးကိစ္စများကို လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများအား ဘူဂေးရီးယား နည်းပြ Mr. Trandafil Stoyches နှင့် လေ့ကျင့်နေမှုအခြေအနေများနှင့် အားကစားသမားများအား ပံ့ပိုးပေးနိုင်ရေးကိစ္စများကို လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ အားကစား သတင်းများ

ပွဲဦးထွက် မျက်နှာပန်းလှခဲ့သည့် ရုရှားအသင်း

ပိုလန် ဇွန် ၉

ယူရို ၂၀၁၂ အုပ်စုအေ၏ ဒုတိယပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပိုလန်နိုင်ငံ မြူနီစီပယ်အားကစားကွင်း၌ ရုရှားနှင့် ချက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ယင်းအုပ်စုတွင် ရေပန်းအစားဆုံးဖြစ်သည့် ချက်အသင်းကို ရုရှားအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရုရှားအသင်းအတွက် ပွဲဦးထွက်မျက်နှာပန်းလှခဲ့သည်။

ရုရှားအသင်းတွင် မာလာဖီ၊ အန်ယူကော့ဗ်၊ ဘီရီဇူစကီ၊ အစ်နာရှက်ဗစ်ချ်၊ ဇာကော့ဗ်၊ ရှီရိုကော့ဗ်၊ ဒန်နီဆော့ဗ်၊ ဇိုင်ယာနော့ဗ်၊ ဇာရီး၊ ကာဇာကော့ဗ်နှင့် အာရှာဗင်တို့ ပါဝင်ခဲ့ပြီး ချက်အသင်းတွင် ဆက်ချ်၊ ဂီဆီလက်စ်ဆီ၊ ဟက်နစ်ခ်၊ ဆီဘော့ခ်၊ ကတ်လက်၊ ပလက်ဆီးလ်၊ ဂျီရာဆက်၊ ပီလာ၊ ရိုဆစ်စကီး၊ ရီဇက်၊ ဘာရော့စ်တို့ ပါဝင်ကစားခဲ့သည်။

ပွဲချိန် ၁၅ မိနစ်တွင် ရုရှားအသင်းအတွက် အဖွင့်ဂိုးကို ကာဇာကော့ဗ် ခေါင်းတိုက်သွင်းယူသော ဘောလုံးဂိုးတိုင်ထိပြီး ပြန်ထွက်လာစဉ် ဒီဇာဂေါ့ဗ်က ကန်သွင်းယူခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် ရုရှားအသင်းခေါင်းဆောင် အာရှာဗင် ဖန်တီးပေးမှုမှတစ်ဆင့် ရှီရိုကော့ဗ်က ဂိုးသမားနှင့်အနီးကပ် ကန်သွင်းယူခဲ့သည်။

ဒုတိယပိုင်း စပြီး ပွဲချိန် ၅၁ မိနစ်တွင် ချက်အသင်း ပထမချေပဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ဂျီရိုဆလက်ဗပလာဆေး ဖန်တီးပေးသော ဘောလုံးကို ပီလာက သွင်းယူပေးခဲ့သည်။ ရုရှားအသင်း ချေပဂိုးပေးလိုက်ရသော်လည်း ရုရှားအသင်းကပင် ပွဲကိုဆက်လက်ဦးဆောင်ခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် ရိုမန်ပက်ဗလျူချန့်ကို ပေးပို့သော ဘောလုံးကို ဒီဇာဂေါ့ဗ်က ရုရှားအသင်းအတွက် တတိယဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် ရိုမန်ပက်ဗလျူချိန်ကိုက ဂိုးဧရိယာအတွင်းတွင် လူပေးမလို ခြေယောင်ပြရင်း တိုက်ရိုက်ကန်သွင်းပြီး စတုတ္ထဂိုး သွင်းယူပေးခဲ့သည်။

ရုရှားအသင်းအတွက် ပထမဂိုးကို ဒီဇာဂေါ့ဗ် ဤသို့ သွင်းယူနေစဉ်။

ကိုဇော်

ယူကရိန်းကစားသမားများ အစာအဆိပ်သင့်ခဲ့၍ နည်းပြအိုလက်ဘလော့ဟင် ပြိုင်ပွဲအတွက် စိုးရိမ်နေဟုဆို

ကီယက်ဗ် ဇွန် ၉

ယူကရိန်းအသင်းသည် ဇွန် ၁၁ ရက် (တနင်္လာနေ့) တွင် အုပ်စု (D) ၏ ဒုတိယပွဲစဉ်အဖြစ် ဆွီဒင်အသင်းနှင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ရှိ အိုလံပစ်အားကစားကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားလျက်ရှိရာ တူရကီအသင်းနှင့် ခြေစမ်းကစားရန်အတွက် သွေးပူလေ့ကျင့်ခန်းမလုပ်မီ ဂျာမနီနိုင်ငံရှိ ဟိုတယ်တစ်ခုတွင် ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသည့် အစားအစာများ စားမိရာမှ ယူကရိန်းကစားသမားများ အစာအဆိပ်သင့်မှုနှင့် ကြုံခဲ့ရကြောင်း ဇွန် ၉ ရက်တွင် အားကစားသတင်းတစ်ရပ်၌ ဖော်ပြသည်။

ယူကရိန်းကစားသမားများသည် လေ့ကျင့်ရေးဒဏ်ကြောင့် အားနည်းနေပြီး ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသည့် အစားအစာများ စားမိရာမှတစ်ဆင့် အစာအဆိပ်သင့်မှုကို ဖြစ်ခဲ့ရခြင်းဖြစ်သည်ဟု ယူကရိန်းအသင်းမှဆရာဝန် လီယိုနစ်မီရိုနော့ဗ်က ယုံကြည်ထားကြောင်း အင်တာဖက်စ်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ယူကရိန်းအသင်းမှ ကစားသမား ၁၀ ဦး အစာအဆိပ်သင့်မှုဖြစ်ရခြင်းမှာ အဖျက်အမှောင့် လုပ်ရပ်သာဖြစ်ကြောင်း ယူကရိန်းအသင်းနည်းပြ အိုလက်ဘလော့ဟင်က ယူကရိန်းရုပ်မြင်သံကြားဌာနသို့ အကြံပြုပြောကြားထားသော်လည်း ယူကရိန်းအသင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ အစာအဆိပ်သင့်မှုနှင့် ပတ်သက်၍ နောက်ထပ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်မဟုတ်ကြောင်း အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယူကရိန်းအသင်း၏ ယူရို ၂၀၁၂ အဖွင့်ပွဲစဉ်မတိုင်မီ အစာအဆိပ်သင့်ကစားသမားများ ပြန်လည်သက်သာလာပြီး ကစားသမား ၂၃ ဦးလုံးအနေဖြင့် ပြိုင်ဘက်အသင်းများအား အကောင်းဆုံးယှဉ်ပြိုင်ရန် လေ့ကျင့်မှုများပြုလုပ်နိုင်မည်ဟု ယုံကြည်ထားသော်လည်း ယူကရိန်းနည်းပြကမူ စိုးရိမ်ကြောင့်ကြမှုများခံစားနေရကြောင်း ဇွန် ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**

အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင် ခရိုအေးရှားနှင့် ပြိုင်ပွဲတွင်ပါဝင်ကစားရန် အသင့်ရှိနေ

ပိုလန် ဇွန် ၉

အိုင်ယာလန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၀ ရက် (တနင်္ဂနွေနေ့)တွင် ပိုလန်နိုင်ငံ မြို့တော်အားကစားကွင်း၌ အုပ်စု (C)တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်၌ အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင်ပါဝင်ကစားရန် အသင့်ရှိနေကြောင်း ရှေးဂစ်ဗင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရှေးဂစ်ဗင်သည် ရာသီမစတင်မီကတည်းက ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရပြီး အိုင်ယာလန်အသင်း၏ ယူရို ၂၀၁၂ ပြိုင်ပွဲအကြိုဖြစ်သည့် ဟန်ဂေရီအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင်လည်း ပထမပိုင်းသာလျှင် ပါဝင်ကစားနိုင်ခဲ့သူဖြစ်သည်။

အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင်သည် ဒဏ်ရာပြဿနာများကြောင့် အနားယူခဲ့ရပြီးနောက် ဇွန် ၈ ရက်တွင်မှ အိုင်ယာလန်အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် လက်ရှိအနေအထားအရ ရှေးဂစ်ဗင်၏ ၁၂၃ ပွဲမြောက် နိုင်ငံတကာပွဲစဉ်ကို ပါဝင်လာနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိုင်ယာလန်သည် စပိန်၊ အီတလီကဲ့သို့သော ကစားသမားစုဖွဲ့မှုကောင်းသည့် အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ဇွန် ၁၀ ရက်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ပြီးပါက ဇွန် ၁၄ ရက် (ကြာသပတေးနေ့)တွင် လက်ရှိချန်ပီယံ စပိန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ခြင်းကြောင့် ရှေးဂစ်ဗင်က ရရှိထားသည့်ဒဏ်ရာ သက်သာလာမည်ဟု ယုံကြည်ထားပြီး ယင်းပြိုင်ပွဲများတွင် ပါဝင်ကစားနိုင်မည်ဟု ပြောကြားခဲ့သည်။ **အင်တာနက်။**

နိုင်လင်းကြည်

ယနေ့ ဖတ်စရာ မှတ်စရာ | **တင်မောင်အေး(ကန့်ဘလူ)**

မသန်ပေမယ့် စွမ်းတယ် စွမ်းတယ်

ဇွန် ၇ ရက်ထုတ် ကြေးမုံသတင်းစာမှာ “မသန်စွမ်းဟုသာ သုံးနှုန်းပါ” ကြော်ငြာလေးတစ်ပုဒ်ကို ဖတ်လိုက်ရတာကြောင့် ယခုစာကို ရေးဖြစ်ခဲ့ပါတယ်။ အဲဒီဖိတ်ကြားစာလေးကို ဖတ်ပြီး စာရေးသူသည် အတော်ဝမ်းမြောက်ပီတိဖြစ်ရသလို ပွဲဖြစ်မြောက်အောင် စည်းရုံးလုပ်ဆောင်ကြသူများကိုလည်း မသန်စွမ်းပြည်သူများကိုယ်စား ကျေးဇူးများစွာ တင်မိပါတယ်။ စာရေးသူသည် မိမိတတ်ကျွမ်းတဲ့ အကြောအဆစ်ကုပညာရပ် (Physiotherapy)ဖြင့် နှစ်ပေါင်း ၄၀ ကျော် မသန်စွမ်းသူများအား လေ့ကျင့်ကုသပေးခဲ့ရပြီး ယနေ့တိုင်လည်း လေ့ကျင့်ကုသပေးနေရဆဲဖြစ်လို့ ဒီပွဲကို လေးလေးနက်နက် အားပေးထောက်ခံရခြင်းဖြစ်ပါတယ်။

ရောဂါဝေဒနာကြောင့်ဖြစ်စေ၊ မွေးရာပါချို့ယွင်းမှုကြောင့်ဖြစ်စေ၊ ထိခိုက်အနာတရဖြစ်လို့ဖြစ်စေ ခန္ဓာကိုယ် (physical)၊ ဒါမှမဟုတ် ဉာဏ်ရည်ဉာဏ်သွေး (intellectual)၊ ဒါမှမဟုတ် အာရုံခံစားမှုဆိုင်ရာ (sensory)မသန်စွမ်းမှုဖြစ်ကြရသူများဟာ သန်လည်းမသန်၊ စွမ်းလည်းမစွမ်းဖြစ်ကြရတာ မဟုတ်ပါဘူး။ တကယ်က မသန်စွမ်းသူများဟာ အထက်ကပြောခဲ့သလို အကြောင်းတစ်ခုခုကြောင့် မသန်တာရှိသလို စွမ်းတာတွေလည်း အများကြီးကို ရှိနေကြတာဖြစ်တယ်။ ဥပမာအချို့ပြောရရင် သူလိုငါလိုအများစုထက် ပိုပြီး မြန်မြန်ပြေးနိုင်တာ၊ ပိုပြီး မြင့်မြင့်ခုန်နိုင်တာ၊ ပိုပြီးရေကူးနိုင်တာ၊ မြားပစ်တတ်တာ၊ တီးမှုတ်တတ်ဆိုတတ်ကတတ်တာ၊ ပန်းချီဆွဲတတ်တာ စတာ စတာတွေ၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်းမထိခိုက်ဘဲ ရုပ်ပိုင်းတစ်မျိုးတည်းပဲ မသန်စွမ်းဖြစ်ရသူတွေဆိုရင်တော့ အသိပညာ အတတ်ပညာတွေကို သန်စွမ်းသူများနှင့်မခြား အားလုံးသင်ယူတတ်မြောက်နိုင်တာဖြစ်တယ်။ အဲဒီအချက်တွေကို သတိပြုသိရှိခြင်း မရှိခဲ့ကြတာကြောင့်သာ “မသန်မစွမ်း” လို့ တစ်ချိန်က လွဲမှားစွာ သုံးနှုန်းခေါ်ဝေါ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး စာရေးသူဟာ ၁၉၇၄ ခုနှစ်လောက်က ထိုစဉ်က အစိုးရထုတ်သတင်းစာတစ်စောင်ဖြစ်တဲ့ ဂါဒီယန်သတင်းစာ(The Guardian)မှာ “They are able” (မသန်ပေမယ့် စွမ်းပါတယ်)ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ အဲဒီတုန်းက စာရေးသူဟာ ရန်ကုန်ကျိုက်ဝိုင်းဘုရားလမ်းမှာရှိတဲ့ မသန်စွမ်းလူနာများဆေးရုံမှာ အကြောအဆစ်ကုပညာရှင်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ အဲဒီနှစ်က ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ မသန်စွမ်းသူများအား အားကစားပြိုင်ပွဲမှာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်တွေ အများကြီးရပြီး အောင်ပွဲခံခဲ့တဲ့ မြန်မာမသန်စွမ်းအားကစားသမားများကို ဂုဏ်ပြုပြီးရေးခဲ့တာပါ။ နောက်တစ်ချက်က ‘မသန်တာ’ နဲ့ ‘စွမ်းဆောင်နိုင်တာ’ ဟာ တစ်မျိုးတည်း မဟုတ်ဘူးဆိုတာကို ခွဲခွဲခြားခြားသိစေချင်လို့ မသန်စွမ်း အားကစားသမားများရဲ့ စွမ်းဆောင်ရည်တွေကို ဥပမာပြပြီး အသိပညာပေး ရေးခဲ့ရတာဖြစ်ပါတယ်။

လူတွေမှာ အမည်နာမမှည့်ခေါ်တာဟာ အလွန်အရေးကြီးပါတယ်။ သားသမီးရလာတဲ့မိဘတိုင်း ပထမဆုံး အလေးအနက်စဉ်းစားလေ့ရှိကြတာက အမည်ပေးဖို့ပဲဖြစ်ပါတယ်။ အမည်လေးလှဖို့နဲ့ အဓိပ္ပာယ်ရှိဖို့ပါ အထူးတလည်စဉ်းစားပြီးမှ မှည့်ကြလေ့ရှိပါတယ်။ ဒီလိုပါပဲ။ တခြားတခြားသောအမည်များ ပေးကြတဲ့အခါမှာလည်း မှန်ကန်ဖို့လိုအပ်သလို ထိုက်သင့်တဲ့လေးစားမှုလည်း ရှိကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်တဲ့ခွဲခြားနှိမ့်ချတဲ့ အမည်ပေးခြင်း၊ ခေါ်ဝေါ်သုံးနှုန်းခြင်းမျိုးကို ဂရုတစိုက်ရှောင်ရှားကြဖို့ လွန်စွာအရေးကြီးပါတယ်။ အမည်ခေါ်ဝေါ် သုံးနှုန်းတာနဲ့အတူ အပြုသဘောလား အပျက်သဘောလား၊ တန်းတူရည်တူလား၊ ခွဲခြားနှိမ့်ချမှုလား စတဲ့လူတွေရဲ့ နားလည်ခံယူမှုနဲ့ သဘောထားအမြင်တွေ အလိုလိုပါဝင်သွားတယ်ဆိုတာ သတိပြုကြစေချင်ပါတယ်။

မသန်စွမ်းသူများကို ခေါ်ဝေါ်သုံးနှုန်းတာနဲ့ပတ်သက်ပြီး သင့်တော်မှန်ကန်ဖို့အတွက် တိုးတက်တဲ့နိုင်ငံများမှာ ဆွေးနွေးကြ၊ ပြောဆိုတိုက်တွန်းကြတာ ကြာခဲ့ပါပြီ။ ၁၉၉၆ ခုနှစ်က ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့မှာ ကျင်းပခဲ့တဲ့ ဉာဏ်ရည်နိမ့် မသန်စွမ်းမှုသိပ္ပံနည်းကျလေ့လာရေး ကမ္ဘာ့ညီလာခံကြီး(10th World Congress of the International Association for the Scientific Study of Intellectual Disability)ကို တက်ရောက်ခဲ့စဉ်က ညီလာခံအဖွင့်မိန့်ခွန်းပြောခဲ့တဲ့ ပါမောက္ခ ထရေဗာပါမဲန်းတား(Prof, Trevor Parmenter)က ဦးဆောင်ပြီး မသန်စွမ်းသူများကို People First Language ဆိုတဲ့လူကို ဦးစားပေးပြီး မသန်စွမ်းမှုကို နောက်မှာထားတဲ့ ခေါ်ဝေါ်သုံးနှုန်းမှုကို အလေးအနက် တိုက်တွန်းနှိုးဆော်သွားတာ မှတ်သားခဲ့ဖူးပါတယ်။

ဥပမာ disabled person လို့ခေါ်ဝေါ်မယ့်အစား person with disability လို့ ခေါ်ဖို့ပါ။ autistic child လို့သုံးနှုန်းမယ့်အစား child with autism လို့ သုံးနှုန်းဖို့ပါ။ ဘာကြောင့်လဲဆိုတော့ မသန်စွမ်းဖြစ်နေကြတဲ့သူများသည် အများသူငါတွေလို လိုအပ်မှုများ၊ စိတ်ဝင်စားမှုများ၊ ခံစားတတ်မှုများနဲ့ တစ်ဦးချင်းဆိုင်ရာ အရည်အသွေးများ ရှိနေကြတာကြောင့် ဖြစ်ပါတယ်။ နောက်အရေးကြီးဆုံးအချက်တစ်ချက်ကတော့ သူတို့အားလုံးသည် လူ့အဖွဲ့အစည်းရဲ့အပြင်ဘက်မှာ ရှိနေကြတာမဟုတ်ဘဲ မိမိတို့နဲ့အတူရှိနေကြတဲ့ မိမိတို့ရဲ့ သားသမီးများ၊ မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများ၊ ဆရာဆရာမများ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်နေကြတယ်ဆိုတာပဲဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကမာကလုတ်ကျေးရွာနေ ခမည်းတော်(ဦးဘဖေ)-မယ်တော်(ဒေါ်ဖဲ)တို့၏သား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိသည် ၈-၆-၂၀၁၂ (သောကြာနေ့) နံနက် ၀၄း၃၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၂-၆-၂၀၁၂ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ ပလက်ဝမြို့

အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၂ခုနှစ် မေလ ၃၀ ရက်နေ့ နံနက် ၁၁နာရီခွဲခန့်တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၇၆)သုံးလွှာ၌ သမီးဖြစ်သူ မဆုစန္ဒီအောင်၊ (၁၆)နှစ် (တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ)အား ရက်ရက်စက်စက်သတ်ဖြတ်ပြီး မီးရှို့အလောင်းဖျောက်ဖျက်ကာ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်၍ တိမ်းရှောင်သွားသည့် သာကေတမြို့နယ်၊ ထူပါရုံ (၉)လမ်း၊ အမှတ်(၁၃၄၅)နေ တရားခံဖြစ်သူ ကိုမျိုး(ခ)မျိုးလွင်(၄၀)နှစ် (ဘ)ဦးစောမောင်ကို ပြစ်မှုကျူးလွန်ပြီး ၄၄ နာရီအတွင်း လုယက်ယူဆောင်သွားသော ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိအောင် ရဲတပ်ဖွဲ့ဆိုင်ရာ မှုခင်းဖော်ထုတ်ရေးလုပ်ငန်းတာဝန်များကို အလေးအနက်ထားကာ နေ့မအား ညမနား စုံစမ်းဆောင်ရွက်ဖော်ထုတ်ပေးခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး ရဲသူရဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တိုင်းအထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်နှင့် ခရိုင်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မြို့နယ်မှူး၊ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မီးလောင်ရာတွင် ဝိုင်းဝန်းငြိမ်းသတ်ဆောင်ရွက်ပေးခဲ့ကြသော အောက်မြန်မာပြည် မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဦးသင်းငွေးရွှေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အဘက်ဘက်မှဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသော မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ အမှုပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရပ်ကွက်နေ ပြည်သူများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု



ဒေါ်ခင်စော(ခ)ဒေါ်ခင်စိန် (၈၄)နှစ်

နန်းမား၊ ကချင်ပြည်နယ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၁၀၀)နေ ဦးစိုးလင်း(ကာကွယ်ရေးဝန်ကြီးဌာန-ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်စိုး-ဒေါ်နုနုဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်မေသန်းဦး၊ ဒေါ်ကြည်ကြည်စိုး(အုတ်ကျင်းဈေး)၊ ဦးဝင်းစိုး-ဒေါ်နုနုရီတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၈-၆-၂၀၁၂ (သောကြာနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု



ရဟန်းဒါယကာကြီး

ဦးမြင့်သိမ်း(ခ)ဦးဂေါ်ရာ

အသက်(၇၁)နှစ်

(ဆိုင်မန်နေဂျာ၊ MPPE-ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်နေ (ဦးပု-ဒေါ်မြချစ်)တို့၏ သား၊ (ဦးလှမောင်-ဒေါ်လှသင်း)တို့၏ သားသမက်၊ ကြည့်မြင်တိုင်၊ ဈေးကြီး အရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၅၅)နေ ဒေါ်ခင်ခင်နွဲ့(ခ)ဒေါ်ငွေတိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြတ်မိုးလွင် (MPPE ၊ ပုသိမ်ဌာနခွဲ)၊ ဦးမင်းကိုကို (သတင်းတပ်ဖွဲ့)၊ ဒေါ်မိုးသူဇာ(ဦးစီးအရာရှိ၊ ရ/သုံးမှန်းခြေ၊ ငွေစာရင်းဌာန၊ နေပြည်တော်)၊ ဦးမင်းသိမ်းဦး(ဆိုင်မန်နေဂျာ၊ MPPE ၊တောင်ငူဟင်းငုတ်ပင်)-ဒေါ်ဇာဇာသိမ့်ဟန် (ပြည်ထွန်းအောင်ကုမ္ပဏီ)တို့၏ ချစ်လှစွာသောဖခင်၊ မခင်ဦးကောင်း(Grade-I၊ အထက-၁၊ လမ်းမတော်)၏ ဘိုးဘိုးကြီး ဦးမြင့်သိမ်းသည် ၈-၆-၂၀၁၂(သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေး(ကျောက်ဆည်)

အသက်(၈၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ (ဦးမောင်ကြီး-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးတွယ်-ဒေါ်မိန်းခလေး)တို့၏ သမီးချွေးမ၊ တိုက်အမှတ်(၂၉၃)၊ အခန်း(၈)၊ အရှေ့ရန်ကင်းနေ [ဦးချစ်ဆွေ(ဒု-ဥက္ကဋ္ဌ၊ ယခင်တောင်သူလယ်သမားအစည်းအရုံး)]၏ ဇနီး၊ (ရဲအုပ်ခင်မောင်ဆွေ) - ဒေါ်မဥ္ဇူရွှေ၊ ဦးမောင်မောင်ထူး - ဒေါ်နှင်းယုဆွေ၊ ဒေါ်သင်းယုဆွေ(အလက-၅၊ ရန်ကင်း)၊ ဦးမျိုးညွှန့်ဆွေ၊ ဦးထူးဝင်း-ဒေါ်ဝင်းယုဆွေ၊ ဦးသန်းဆွေ-ဒေါ်လွင်မာသက်၊ ဦးအောင်မိုးဆွေ (Thantwe Marine Products Co., Ltd.)တို့၏ မွေးသမိခင်၊ မဟေမာန်ထူး၊မောင်အောင်ဆွေမိုး(PCL Shipping Line.)၊ မဝဿန်ထူး (Marketing Executive, Praspersour)၊ မနေခြည်ထူး၊ မောင်ကျော်ကျော်ဆွေ၊ မလွင်မာဝင်း (Grade XI, T.T.C)၊ မောင်နိုင်ထက်ဝင်း(Grade VI,အလက-၅၊ ရန်ကင်း)၊ မယွန်းစန္ဒီဆွေ(Grade-II, T.T.C)တို့၏ အဘွား ဒေါ်ခင်အေးသည် ၈-၆- ၂၀၁၂ ရက် နံနက် ၃ နာရီတွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၂(ကြာသပတေးနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်)

အသက်(၇၅)နှစ်

မြန်မာနိုင်ငံစာတ်ပုံအသင်းနာယက

(ဦးသန်းတင်-ဒေါ်ငွေပေါင်း)၊ ဒေါ်လွယ်စိန်(U.S.A)တို့၏သားကြီး၊ ဒေါ်မူမူမြင့်(U.S.A)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မေရီသန်းတင်(U.S.A)၊ ဒေါက်တာမေကြည်ငြိမ်း - ဦးဝင်းညွှန့်(U.S.A)၊ ဒေါက်တာဇော်မင်း - ဒေါ်အဝါမင်း (U.S.A)၊ ဦးဝင်းတင် - ဒေါ်တင်တင် (U.S.A)၊ ဒေါက်တာထွန်းတင်-ဒေါ်ထားထား(U.S.A)တို့၏ အစ်ကိုကြီး ဦးကျော်စိန်သည် ၈-၆-၂၀၁၂(သောကြာနေ့)နံနက် ၈နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

အမည်ပြောင်း

ဘုတ်ပြင်း အထက နဝမတန်းမှ ဦးအောင်နီ၏သား မောင်သက်ပိုင်မျိုးအား မောင်အောင်မျိုးကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အောင်မျိုးကျော်

အိမ်ရောင်းမည်

R/Cတစ်ထပ် ပေ(40x60)အမှတ် ၆၀၇၊ ၂၅လမ်း၊ ပေါင်းလောင်း(၃) ပျဉ်းမနား။

ဖုန်း-၀၉-၈၃၀၄၁၀၃၊ ၀၉-၄၉၂၀၀၈၇၆

အမည်မှန်

ပုဇွန်တောင်မြို့နယ်၊ အထက(၄) ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော အဖ ဦးထွန်းနေနိုင်[၁၂/သဃက(နိုင်)၀၀၉၆၄၉]၏ သမီးဖြစ်သူ အမည်မှန်မှာ မဆောင်းမဉ္ဇူထွန်းဖြစ်ပါသည်။

မဆောင်းမဉ္ဇူထွန်း

ပျောက်ဆုံးကြောင်း

မခင်မမ၏ပတ်(စ်)ပို့နံပါတ်A-0246 61နှင့် မခင်ခင်သန်း၏ ပတ်စ်ပို့နံပါတ် ၉၄၁၆၁၂သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၉၀၁၃၂၇**

ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်)

အသက်(၇၅)နှစ်

(မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက)

(ဦးသန်းတင် - ဒေါ်ငွေပေါင်း)၊ ဒေါ်လွယ်စိန်(USA)တို့၏ သားကြီး၊ ဒေါ်မူမူမြင့်(USA)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်သန့်ဇင်ဦး-ဦးဝင်းတင်(USA)၊ ဒေါ်သက်သက်ဆွေ-ဦးဇော်ထူး (Htoo Auto Service Ltd.)၊ဦးမိုးကျော်မြင့်-ဒေါ်မြတ်ခိုင်သီ(USA)၊ ဒေါ်ဝေဝေခင်- Mr. Satbid Na Nangkhai (Thailand)တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးကျော်စိန်သည် ၈-၆-၂၀၁၂ (သောကြာနေ့) နံနက် ၈ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၁၆၆)၊ ခုနစ်လွှာ/ ဘီ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း
အသက်(၅၄)နှစ်

မင်းဘူးမြို့၊ ဈေးသစ်၊ ဘယဆေးရောင်းဝယ်ရေး ဒေါ်သောင်းသောင်း၏တူ၊ ဦးကျော်လွင်ဦး(မန်နေဂျာ၊ နေပြည်တော်သတင်းစာတိုက်)-ဒေါ်ခင်သန္တာဝင်းတို့၏ ဖခင်၊ အမှတ်(၃)၊ မင်္ဂလာကွက်သစ်ရပ်၊ မင်းဘူးမြို့နေ ဦးစိန်ဝင်း အသက်(၅၄)နှစ်သည် ၆-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစုများ
နေပြည်တော်သတင်းစာတိုက်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရင်(လူထုမေတ္တာစတိုး)
အသက်(၈၆)နှစ်

ဒေါက်တာကျော်မင်း(K, လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)တို့၏ ဖခင်သည် ၃၁-၅-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးထွန်းရင် ကောင်းရာသုဂတိလားပါစေသား။

ဦးရန်ကြီးအောင်-ဒေါ်ခင်ဖုန်းနွဲ့
ဦးလာဘ-ဆေးဝါးထုတ်လုပ်ရေး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အေး(ကျောက်ဆည်)
အသက်(၈၃)နှစ်

ဦးအောင်မိုးဆွေ၏မိခင် ဒေါ်ခင်အေး(ကျောက်ဆည်)သည် ၈-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

THANTWE MARINE PRODUCTS CO., LTD. မိသားစု
KYI BROTHERS INDUSTRIES CO., LTD. မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်) အသက်(၇၅)နှစ် ဂုဏ်ထူးဆောင်အသင်းသား(၂၈၉) နာယက မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် ၈-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မလိမ္မာ(မြန်မာစာ) မျိုးအောင်ကျော်
WEDDING DRESS/DIGITAL PHOTO STUDIO AND VIDEO

ဝမ်းနည်းကြေကွဲခြင်း
ဦးကင်းဟန် (၇၂)နှစ်
(လူမှုထူးချွန်တတိယဆင့်)
ဒုဥက္ကဋ္ဌ(ကျိုက်လတ်ဆန်စပါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်)
ရွှေဒေါင်းဆန်စက်ပိုင်ရှင်

ကျိုက်လတ်ဆန်စပါးထုတ်လုပ်ရေးကုမ္ပဏီမှ ဒုဥက္ကဋ္ဌ ဦးကင်းဟန်သည် ၈-၆-၂၀၁၂ရက်တွင် ကျိုက်လတ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့
ကျိုက်လတ်ဆန်စပါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကင်းဟန်
အသက်(၇၂)နှစ်
လူမှုထူးချွန်(တတိယဆင့်)
(ကျိုက်လတ်)ရွှေဒေါင်းဆန်စက်

ကျိုက်လတ်မြို့၊ အမှတ်(၉၇)၊ (၇×၈) ဦးစန္ဒာလမ်းနေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ကိုနိုင်အေး-မခင်ခင်ဦး၊ ကိုညို-မခိုင်(ရွှေပြည်အေးစတိုး)၊ ကိုခင်ဇော်-မရီရီမြင့်တို့၏ဖခင်သည် ၈-၆-၂၀၁၂(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့၊ ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း Dr. ဖြူပြာကျော်ဆွေ(ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)၏ခင်ပွန်း ကိုအောင်ကိုမြင့်(Htoo Group of Companies)သည် ၆-၆-၂၀၁၂ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ-
Dr.**ဇေယျာစိုး**၊ Dr.**မျိုးသူကျော်**၊ Dr.**ယုမောင်**၊ Dr.**လင်းဇော်ဝင်း**၊ Dr.**သက်နိုင်လင်း**၊ Dr.**ဇင်ဇင်ချို**၊ Dr.**ဇင်မာထွေး**၊ Dr.**ဇင်မာသန်းထွန်း**၊ Dr.**မြတ်အိမွန်**၊ Dr.**ထားထားမြင့်**၊ Dr.**နွယ်ဦးမွန်**၊ Dr.**ယုဇနထွန်း**၊ Dr.**ယုယုသိဏ်းဝင်း**

အသုဘ

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စန်းရီ(ရာ/၁၆၃၄)
အသက်(၈၆)နှစ်
(သက်ကြီးကန်တော့ခံ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၁)နေ (ဦးဖိုးတင့်-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးမောင်ထင်-ဒေါ်ဖော့)တို့၏ သမီးချွေးမ၊ (ဦးသိန်း)၏ဇနီး၊ ဦးသက်နိုင်၊ ဒေါ်အေးအေးသိန်းတို့၏ မိခင်သည် ၅-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဝင်းလွင်(ခ)
SCOTT TUN HLA
St' Paul ကျောင်းသားဟောင်း
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ်(၂၅/၂၇)၊ ပထမထပ်၊ ရာဇဓိရာဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးထွန်းလှ(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ရင်] တို့၏ သား၊ ဦးစိုးလွင်-ဒေါ်စန္ဒာ၊ ဦးအေးလွင်-ဒေါ်ခင်မာဝေ(ပန်းသခင်ခြင်ထောင်ရောင်းဝယ်ရေး)၊ (ဦးအောင်လွင်)-ဒေါ်ဝင်းမာ၊ ဦးထွန်းထွန်းနိုင်-ဒေါ်နီနီလွင် တို့၏ အစ်ကို/ညီ၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မခိုင်မေသွယ်၊ မောင်အောင်နိုင်ထွန်း၊ မောင်ဝေလင်းထွန်း(Grade -IX၊ အထက-၂၊ ဗိုလ်တထောင်)တို့၏ ဖခင်၊ တူ၊တူမ ၁၀ ယောက်တို့၏ဘကြီး ဦးဝင်းလွင်သည် ၈-၆-၂၀၁၂ရက် ညနေ ၃း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၆-၂၀၁၂ရက် နံနက် ၁၀း၁၅ နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒွါဖွာနာပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၂ ရက် နံနက် ၉နာရီမှ ၁၂ နာရီအထိ အမှတ်(၇)၊ ရွှေဟင်္သာလမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်တင့်လင်းထွဋ်
အသက်(၂၁)နှစ်

ပခုက္ကူမြို့နေ (ဦးမော်-ဒေါ်နုနု)၊ သာယာဝတီမြို့နေ [ဦးလှဘော်သူ(ထောင်ပိုင်ကြီး-ငြိမ်း)-ဒေါ်သန်းသန်းမြင့်] တို့၏မြေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊တိုက်(၆)၊ အခန်း(၁၉)၊ ပန်းလှိုင်အိမ်ရာနေ (ဦးတင်ထွဋ်မော်)-ဒေါ်ခင်ဆွေဝင်းတို့၏သားငယ်၊ ဦးကြည်လင်းထွဋ်(အထက်တန်းရှေ့နေ)၏ညီ(မအေးမြတ်သူ)၏မောင်သည် ၈-၆-၂၀၁၂ရက် ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၀-၆-၂၀၁၂ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အားမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသောင်းတင်(သန်လျင်)
အသက်(၉၂)နှစ်
သန်လျင်သဲပုံစေတီ ဓမ္မာရုံနာယက
ရွှေပန်းထိမ်ဆရာကြီး

ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်၊ စက်ဆန်းနေ (ဦးဘအို-ဒေါ်မြ)တို့၏သား၊ (ဦးသန်းမောင်)၊ (ဦးတင်မောင်)တို့၏ညီ၊ (ဒေါ်စန်းရင်)၊ (ဦးအုန်းကြိုင်)၊ (ဒေါ်ရင်မေ)၊ (ဦးမြဟန်)-ဒေါ်အုန်းစိန်တို့၏အစ်ကို၊ ဦးထွန်းထွန်းဦး-ဒေါ်အေမီဟန်(လယ်ပြ)၊ ဒေါ်မြင့်မြင့်စိန်၊ ဦးမြင့်ဦး(သန်လျင်ဂေါက်ကွင်း)-ဒေါ်မော်မော်ဦး၊ ကိုအောင်အောင်မိုး(မြန်မာ့ရေနံ)-မအေးအေးဝင်း၊ ကိုဇော်ဇော်မိုး(နပစ-၁)-မနော်ကူးမ၊ ကိုသိန်းတန်၊ ကိုဌေးလှိုင်-မခင်လေးနွယ်၊ မောင်ဌေးလှိုင်၊ မောင်စိုးလွင်မောင်-မပွင့်၊ မောင်မြင့်ဦး-မစမ်းစမ်းထွေး၊ မောင်လှဝင်းအောင်-မစုစုဟန်တို့၏ဘကြီး၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၂ (သောကြာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသောင်းတင်(သန်လျင်)
အသက်(၉၂)နှစ်
သန်လျင်သဲပုံစေတီ ဓမ္မာရုံနာယက
ရွှေပန်းထိမ်ဆရာကြီး

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့သစ်အနောက်ရပ်ကွက်၊ ကြံခိုင်ရေးလမ်း၊ အမှတ်(၂၅)နေ (ဦးဘအို-ဒေါ်မြ)တို့၏သား၊ (ဦးသန်း-ဒေါ်ပန်းကြည်)၊ ဦးထွန်းရွှေ၊ ဦးစိုးသိန်း-ဒေါ်ခင်နွဲ့တို့၏ အစ်ကိုကြီး၊ ဒေါ်တင့်တင့်လှ (မူ/အုပ်-ငြိမ်း၊ ဗဟိုမူလွန်)၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်စိန်၊ ဦးကျော်မြင့်(ရေနံ-ငြိမ်း)-ဒေါ်ခင်ပို(ဆန်ရောင်းဝယ်ရေး)၊ ဦးအောင်သန်း(ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ သန်လျင်)-ဒေါ်ခင်ဝင်းရွှေ(အထက-၁၊ သန်လျင်)၊ ဦးစန်းအောင်-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်လှလှသန်း(ဗဟိုမူလွန်)၊ ဦးဝင်းသန်း(ရေနံ/သယ်ပို့)-ဒေါ်တင်မာအေး၊ ဒေါ်ငြိမ်းငြိမ်းသန်း၊ ဦးဇော်မင်းသန့်-ဒေါ်လှဝင်းထင်(ထွေ/အုပ်၊ သန်လျင်)တို့၏ ဘကြီး၊ မြေး ၁၇ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၆-၂၀၁၂(သောကြာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ဇော
အသက်(၈၇)နှစ်
B.A, B.Ed
ကျောင်းအုပ်ကြီး(အငြိမ်းစား)၊ မင်းဘူး

ဦးတင်မောင်အေးထူး (ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန)-ဒေါ်ရီရီသန်းတို့၏ ဖခင် ဦးကျော်ဇော အသက် (၈၇)နှစ်သည် ၈-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၈၃ ခုနှစ် စက်မှုအင်ဂျင်နီယာဘွဲ့ရသူငယ်ချင်းများ

ဦးစိန်မောင်(မြိတ်)
အသက်(၇၆)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်နေ (ဦးဘုကြီး-ဒေါ်ကြင်မြိုင်)တို့၏ သား၊ (ဦးအောင်ထွန်းတင်-ဒေါ်ချစ်မြ)တို့၏ မောင်၊ (ဒေါ်စိန်တီ)၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး ဦးစိန်မောင်သည် ၆-၆-၂၀၁၂ ရက် ည ၉း၁၀ နာရီတွင် ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၁၇၃/B)၊ ရွှေဝါ(၂)လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းငွေ(ဟင်္သာတ)
အသက်(၇၀)

ဟင်္သာတမြို့၊ အမှတ်(၂၉၈)၊ မနော်ဟရီလမ်း၊ ဉယျာဉ်မြောက်ရပ်ကွက်နေ (ဦးတင်စွမ်)၏ ဇနီး၊ ကိုအေးမြင့်-မမြတ်မြတ်စိုး၊ ကိုကျော်ကျော်၊ ကိုအေးကျော်-မနန်းသက်ထွေးပိုင်၊ မဥမ္မာသင်းတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၆-၂၀၁၂ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးဇော်မင်းထွန်း(ခ)ကိုပေါက်စ
အသက်(၆၄)နှစ်
လက်ထောက်မန်နေဂျာ(ငြိမ်း)
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရန်ကုန်မြို့၊အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်းနေ(ရောဝတီရုံးဝန်ထောက် ဦးထွန်းဖေ-ဒေါ်အေးကြည်)တို့၏ သားကြီး၊ (ဦးအောင်ဇော်ထွန်း)၊ ဒေါ်မေကြည်ထွန်း(IWTဗိုလ်တထောင်)၊ ဦးစိုးလွင်(အုတ်စက်ရုံ-၁)-ဒေါ်ယဉ်ကြည်ထွန်း(မီးခံ-မှော်ဘီ)၊ ဦးကျော်ကျော်ဝင်း(ကရဝိက်)-ဒေါ်မြင့်ကြည်ထွန်း(စီးပွား/ကူးသန်း)၊ ဒေါ်သန်းကြည်ထွန်း တို့၏ အစ်ကိုကြီး၊ မောင်ပြည့်ဖြိုးကျော်(Mutigate Co., Ltd.)၊ မခိုင်စုစုထွန်း၊ မဆုမွန်အေး တို့၏ ဘကြီးသည် ၈-၆-၂၀၁၂(သောကြာနေ့) ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ယိုလ္လ(ခ)ဒေါ်ချစ်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၄၂)၊ (၁၅)လမ်း၊ ပထမထပ်နေ [ဦးကွာကန်လော(ခ)ဦးလံဘား]၏ ဇနီး၊ ဦးမျိုးဌေး-ဒေါ်ကျင်စွမ်၊ ဒေါ်ကျင်လှ-(ဦးထွန်းမြင့်)၊ ဦးစံရွှေ-ဒေါ်ခင်ချိုချို၊ ဒေါ်ထွေးထွေး-ဦးအုန်းမြင့်၊ ဒေါ်ကျင်မွေးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ ကိုလှိုင်ဝင်း-မမိုးမိုးလွင်၊ ကိုညီညီဝင်း-မမိုးသန္တာစိုး၊ မမော်လီဝင်း၊ မဘေဘီဝင်း-ကိုပေါ်ဦး၊ မစန္ဒာဝင်း၊ မောင်ကျော်ဇင်သန့်၊ မောင်ကျော်ထူးအေး-မမျိုးစန္ဒာ၊ မခင်မျိုးအေး၊ မဖြိုးသန္တာဆွေ၊ မောင်ဟိန်းမင်းဦး၊ မောင်သူရိန်မိုးမြင့်၊ မောင်ငြိမ်းဝဏ္ဏ၊ မောင်စိုးမင်းထွေး၊ မအိအိထွေးစံတို့၏ အဘွား၊ မောင်အံမင်းထက်၊ မောင်ညဏ်လင်းအောင်၊ မောင်ထွန်းလင်းအောင် တို့၏ ဘွားဘွားကြီးသည် ၈-၆-၂၀၁၂(သောကြာနေ့) ည ၇း၄၅ နာရီတွင် အမှတ်(၁၉/ခ)၊မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (မဟာဆွေလမ်း နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မြင့် (၇၃)နှစ်
အမှတ်(၁)စက်မှုဝန်ကြီးဌာန
ဘဲမွေးစက်ရုံ(ငြိမ်း)

ပြည်၊ မြန်အောင်မြို့၊ သီတာ(၁)လမ်းနေ (ဦးမောင်သိန်း-ဒေါ်အုံးတင်)တို့၏ သား၊ (ဦးညွန့်မောင်-ဒေါ်ညွန့်)တို့၏ သားသမက်၊ [ဒေါ်သန်းနု(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန၊ ဘဲမွေးစက်ရုံ-ငြိမ်း)]၏ ခင်ပွန်း၊ (ဒေါ်လှတင်)၊ [ဦးဘဆန်း(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန၊ ဘဲမွေးစက်ရုံ-ငြိမ်း)-ဒေါ်လုံး]တို့၏ ညီ/မောင်၊ တပ်ကြပ်တင်အောင်(ငြိမ်း)(စစ်တွေ)-ဒေါ်ရွှေရီ(သားဖွားဆရာမ)၏ အစ်ကိုကြီး၊ ဦးစိုးလှိုင်-ဒေါ်တင်တင်မိုး၊ ဦးသန်းနိုင်-ဒေါ်ဆွေဆွေမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးငါးယောက်တို့၏ အဘိုး၊ ရန်ကုန်မြို့၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ စိန်မြရုံချယ်(၂)လမ်း၊ အမှတ်(၁၁၇၁)နေ ဦးတင်မြင့်သည် ၈-၆-၂၀၁၂(သောကြာနေ့) ည ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကျောင်းကုန်းမြို့၊ မိုယ်းကောင်းပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်၊ ဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်
ဘဒ္ဒန္တ တိလောက
သိက္ခာတော်(၄၅)ဝါ၊ သက်တော်(၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ကျောင်းကုန်းမြို့၊ (၁)ရပ်ကွက်၊ မိုယ်းကောင်းပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်(ဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်) သိက္ခာတော်(၄၅)ဝါ၊ သက်တော်(၆၅)နှစ်ရှိ ဘဒ္ဒန္တတိလောကသည် ၈-၆-၂၀၁၂ ရက် နံနက် ၃း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်တွင် အန္တိမအဂ္ဂိဈာပန ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကျင်းပရေးဦးစီးကော်မတီ၊ကျောင်းကုန်းမြို့

ဒေါ်တင်တင်ဆွေ(ပဲခူး)
အသက်(၅၇)နှစ်

ပဲခူးမြို့နေ(ဦးဘရီ-ဒေါ်မမကြီး)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးညီညီ(စာရေးဆရာလင်းယုန်နီ)-ဒေါ်အုန်းကြွယ်]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၅၅၂)၊ တရုတ်ကျောင်းလမ်း၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးထင်အောင် (Maths Department, Diplomatic School, Yangon)၏ဇနီး၊ ဦးဝင်းမောင် (GM, Htoo Group of Companies)- Dr.ရီရီမြင့်(ပါရမီဆေးရုံ)၊ ဦးခင်မောင်ရီ-ဒေါ်ခင်နွယ်နီဇင်တို့၏ ညီမ၊ မခင်စန္ဒီအောင် (Ponnami Language Centre)၊ ဗိုလ်ကြီးသက်ဝင်းမောင်(ကကရေ)-မနှင်းဦးခိုင်၊ ဗိုလ်ကြီးဆက်ထင်အောင်(လက်ထောက်ကထိက၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ DSTA)-မမေသဇင်အောင်၊ မောင်ထက်ထင်အောင်(အလုပ်သင်ဆရာဝန်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ)တို့၏မိခင်၊ မောင်ချမ်းငြိမ်းဆက်၏အဘွား ဒေါ်တင်တင်ဆွေသည် ၉-၆-၂၀၁၂ (စနေနေ့) ညနေ ၄း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒုရဲအုပ်စိုးမြင့် (၄၄)နှစ်
(လ-၁၃၉၂၉၈)
(ရန်ကုန်တိုင်းဒေသကြီး သတင်းတပ်ဖွဲ့)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၄)လမ်း၊ အမှတ်(၂၁၄)နေ ဦးခင်မောင်-ဒေါ်ကောက်ပုတို့၏ သားကြီး၊ (ဦးစံမြ)-ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်သင်းသင်းထွေး(ခ)သဲသဲ၏ခင်ပွန်း၊ ကိုတင်ဌေး-မစိုးစိုးသန့်၊ ကိုကျော်နိုင်-မမေကြည်၊ ကိုအောင်ဖြိုး-မနီနီဟန်၊ ကိုမျိုးဇော်-မစိုးစိုးရီတို့၏ အစ်ကိုကြီး၊ မစိုးသဲညာ၊ မစိုးသဲလွှာ၊ မရွှေရည်ဝင်းပြည့်(ခ)မေသဲပွင့်တို့၏ဖခင်သည် ၉-၆-၂၀၁၂ရက် ည ၇း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၂(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ညိုလေး (၅၅)နှစ်
B.Sc, M.Sc. B.Ed, HGP
(ကထိက၊ သတ္တဗေဒဌာန၊ တောင်ငူတက္ကသိုလ်)
(အထက-၂၊လှိုင်၊ကျောင်းသူဟောင်း)

ရန်ကုန်မြို့နေ (ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးမောင်ကလေး-ဒေါ်ခင်စိန်)တို့၏ သမီး၊ (ဦးရှင်း-ဒေါ်လှသိန်း)တို့၏ သမီးချွေးမ၊ ဦးတင်ယု-ဒေါ်မြင့်မြင့်လေး၊ ဦးဇော်မင်းလေး(M.M.R.D)-ဒေါ်ချိုချိုလှိုင်(လဝက)တို့၏ ညီမ၊ ဦးကျော်မင်းလေး-ဒေါ်မိုးမိုးခက်ကြည်၊ ဦးသက်လွင်(မြို့နယ်လျှပ်စစ်မှူး) - ဒေါ်နီနီလေး၊ ဦးမြတ်မင်း-ဒေါ်ဝါဝါလေး (နိုင်မဟာအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးဝင်းနိုင်အေး(C/E)-ဒေါ်တင်တင်ဝင်းလေး၊ ဦးစိုင်းကွမ်းခမ်း-ဒေါ်ခင်ခင်လေး၊ Mr. Kozuto Yamaza Ki -ဒေါ်သီတာလေးတို့၏အစ်မ၊ တူ/တူမ ၁၅ ယောက်တို့၏ကြီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရာမည(၂)လမ်း၊ အမှတ်(၉၂၁)နေ ဦးလှကြည်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီးသည် ၉-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မသီရိအောင်(ခ)ဇာဇာ
အသက်(၃၂)နှစ်
(ဟင်္သာတ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဒဂုံဧရာအဝေးပြေးဝင်း၊ ဟင်္သာတလမ်း၊ အမှတ်(ဃ/၉)နေ (ဦးသိန်းအောင်)-ဒေါ်ခင်မာလာစိန်တို့၏သမီး၊ ဦးသက်နိုင်ဝင်း(မန်နေဂျာ၊ မကွေးရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ယုဇနလတ်တို့၏ညီမ၊ မထားသက်မှူးခင်၏ ကျေးဇူးရှင်မိခင်၊ မောင်သက်ဦးဇင်၊ မဖူးပြည့်သွယ်တို့၏ အဒေါ် မသီရိအောင်(ခ)ဇာဇာသည် ၉-၆-၂၀၁၂ ရက် နံနက် ၁း၄၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှလှမြင့် (၅၇)နှစ်
B.E, CIVIL (၁၉၇၉)

အမှတ်(၁၃၅)၊ (မြေညီ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျော်သန်း)-ဒေါ်ခင်တင့်တို့၏ သမီးကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မန်ကျီးအုပ်ကျေးရွာနေ ဦးတင်ဦး-ဒေါ်ခင်စန်းတို့၏သမီးချွေးမ၊ အမှတ်(၅)၊ ပထမထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဝင်းနိုင်(ဒီဇိုင်းဝင်းနိုင်)၏ဇနီး၊ ဦးပြည်သိန်း(လဝက)-ဒေါ်မြင့်မြင့်ဝင်း (လမ်းမတော်မြို့နယ်၊ စည်/ပင်)၊ ဦးသက်ဇော်ဦး-ဒေါ်တင်တင်ဝင်း၊ ဦးလှထွန်းတို့၏အစ်မကြီး၊ မောင်သက်ထူးစံ၏အဒေါ်သည် ၈-၆-၂၀၁၂ (သောကြာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၅)၊ ဓမ္မာရုံလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးသန့်ဇင်မော်
အသက်(၃၇)နှစ်
(ဒဂုံ-၁၊ ကျောင်းသားဟောင်း)

ဦးဝင်းမော် (Ex Elic Engg)-(ဒေါ်ညွန့်ညွန့်သန်း)-ဒေါ်ရင်ရင်မြ-ဒေါ်ခင်စိုးစိုးတို့၏ တစ်ဦးတည်းသော သား၊ ဝင်းစန္ဒာမော်(ခေတ္တ-စင်ကာပူ)၏ မောင်၊ စိုးမြင့်နိုင်-မသက်ထားရွှေစင်၊ မောင်ဝေဖြိုးဝင်း(Cherry Yoma Co., Ltd.)-မသန္တာခင်ဦး(Royal Mart Co., Ltd.)၊ မစောယုခင်(Orchid Hotel)၊ မစောမြတ်ဝင်း(DRAGON REGAL Co.)၊ မထိုက်ထိုက်ဝင်း(First Baby မူကြိုကျောင်း)တို့၏ အစ်ကို၊ မောင်ပြည့်စိုးဟိန်း၊ မောင်မိုးဇက်(ခ)မောင်ဟိန်းစိုး၊ မရွှေစံပယ်ပွင့်တို့၏ ဦးလေး တပ်ကြပ်ကြီးသန့်ဇင်မော်သည် ၈-၆-၂၀၁၂ ရက် ည ၇း၅၀ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေး နှိုး ဆော် ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်း သူတို့၏ပေါ့ဆမှုတို့ ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ် ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူး မျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ် ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R/184

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ ပုထိုး၊ စေတီများအား ဖူးမြော်ကြည်ညို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဇနီး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဇနီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ပုဂံမြို့ရှုခင်းကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်းတို့၌ ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုပေးလျက်ရှိ

ဆေးဝန်ထမ်းများရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်

နေပြည်တော် ဇွန် ၉

ယမန်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများအပေါ် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည်ဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလျက်ရှိပြီဖြစ်သည်။

အဆိုပါဖြစ်စဉ်များ၌ နေအိမ်များ မီးလောင်ဆုံးရှုံးခဲ့ပြီး လတ်တလော ဒုက္ခရောက်နေကြသည့် ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်းတို့၌ ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးစခန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်း ၃ ဒသမ ၃ တန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဘေထုပ် ၅၀ စုစုပေါင်း နှစ်တန်ကျော် ပေးပို့ပြီး ဖြစ်ကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာရသူများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဆေးဝန်ထမ်း ၃၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့ဝင် ၁၀ ဦးပါ ဆေးကုသရေးအဖွဲ့ တစ်ဖွဲ့တို့ ယနေ့ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်းလည်း သိရှိရသည်။

မောင်တောမြို့၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအခြေအနေကောင်းများအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများအား လိုအပ်သည့်ကူညီပံ့ပိုးစောင့်ရှောက်မှုများ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ မောင်တောမြို့သို့ ရောက်ရှိကွပ်ကဲလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ယနေ့နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်းပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာကနှိုးဆော်

နေပြည်တော် ဇွန် ၉

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့်အတွက် အခြေအနေအားလုံးကို အချိန်မီထိန်းသိမ်းပြီး ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

နယ်မြေခံရဲတပ်ရင်း၊ ရဲတပ်ဖွဲ့တို့မှလည်း ဆူပူမှုများအား ခြောက်လှန့်ဖြိုခွဲ၍ အခြေအနေကို ထိန်းသိမ်းခြင်း၊ ရှို့မီးများအား ငြိမ်းသတ်ခြင်း၊ ဒေသခံပြည်သူတို့၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယမန်နေ့ ညနေပိုင်းနှင့် ညပိုင်းဖြစ်စဉ်များအရ ဆူပူအကြမ်းဖက်သူများသည် မောင်တောမြို့မှ ၁၂ မိုင်ခန့် ကွာဝေးသည့် ဂေါ်ဒူသာရကျေးရွာအုပ်စု သရေကုန်ဘောင်ရွာကို မီးရှို့ဖျက်ဆီးပြီး ပစ္စည်းလုယက်မှုများ ကျူးလွန်ခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် ကျောင်းဆရာကြီး ဦးချမ်းသာ အပါအဝင် သုံးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အလားတူ ညောင်ချောင်းကျေးရွာအုပ်စု ရွှေရင်အေးကျေးရွာကိုလည်း မီးရှို့ဖျက်ဆီးပြီး ပစ္စည်းလုယက်မှုများ ကျူးလွန်ခဲ့ကြောင်း၊ အလားတူ ဗောဓိကုန်းကျေးရွာ၊ ကင်းချောင်းရွာ၊ ကန်သာယာရွာ၊ ကန်ပြင်သာစည်ရွာ၊ ဝေသာလီရွာ၊ မောရဝတီရွာများကို ဝင်ရောက်မီးရှို့ခဲ့သည့်အတွက် အိမ်ခြေအများအပြား မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း။

ထို့ပြင် မောင်တောမြို့ ရပ်ကွက်(၄)၊ ရပ်ကွက်(၅)၊ အောင်ဇလရွာ၊ ဥဒေါင်းရွာ၊ ပြသားရွာတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်နှင့် ရွာမရွာတို့ကိုလည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးရန် ကြိုးပမ်းခဲ့သော်လည်း နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များမှ အချိန်မီထိန်းသိမ်းကာကွယ်တားဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်မှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူတို့၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းများကို အလေးထားဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်ကြောင်း သိရှိရသည်။

ယမန်နေ့က ဖြစ်စဉ်များ၌ စုစုပေါင်း သေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရရှိသူ ၁၇ ဦးရှိခဲ့ပြီး အိမ်ခြေ ၄၉၄ လုံး၊ ဈေးဆိုင် ၁၉ ခန်းနှင့် တည်းခိုခန်း တစ်ခန်းတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ ပျက်စီးဆုံးရှုံးမှုများအပေါ် သင်ခန်းစာရယူ၍ လက်ရှိရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥပဒေနှင့်အညီ တပ်မတော်စစ်ကြောင်းများက မောင်တောနှင့် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၉

၂၀၁၂ ခုနှစ် ဇွန် ၈ ရက်က ဆူပူအကြမ်းဖက်မှု ဖြစ်ပွားခဲ့သည့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့အတွက် ဘူးသီးတောင်ဒေသရှိ နယ်မြေခံတပ်မတော်တပ်ရင်းများသည် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်အတွင်းရှိ အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ဇွန် ၈ ရက် ည ၈ နာရီမှ စတင်ရောက်ရှိကာ ဖြစ်စဉ်ဖြစ်ပွားရာ နေရာအသီးသီးတစ်ဝိုက် လိုအပ်သည်များအား ကူညီစောင့်ရှောက်ပေးလျက်ရှိရာ ဇွန် ၉ ရက် နံနက်ပိုင်းမှစ၍ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်အချို့ကလည်း မောင်တောမြို့နယ် အနောက်ဘက် မြန်မာ့ရေပြင်ပိုင်နက်မှတစ်ဆင့် မသမာသူများ ဝင်ရောက်လာခြင်းမရှိရေး ဇွန် ၉ ရက် နံနက်ပိုင်းမှ စတင်၍ ကင်းလှည့်လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)